# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ပညာရှိသူနှင့် ပညာမရှိသောသူ**

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 10 July 2025 ၁၁၈၇၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ရန်ကုန်မြို့ရှိ ဘုရားစေတီပုထိုးများ၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

**ရန်ကုန် ဇူလိုင် ၉**

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည့် အားလျော်စွာ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ရန်ကုန်မြို့ရှိ ဘုရားစေတီပုထိုးများ၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့်၁၃၈၇ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)အခမ်းအနားများကို ယနေ့နံနက် ၅ နာရီမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖




ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဝါဆိုလပြည့်(ဓမ္မာစကြာအခါတော်နေ့) တွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

MSME ဖွံ့ဖြိုးရေးအထောက်အကူပြု နည်းပညာဝန်ဆောင်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိ


စာမျက်နှာ » ၄


ဝါ စိမ်း နီ ပြာ ခွဲလို့ရယ် အမှိုက်စွန့်ပစ်ကြမယ်


ဆောင်းပါး စာမျက်နှာ » ၁၉





ကြေးမုံ

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှ တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်

ကမ္ဘာပေါ်တွင် လူဦးရေ ၈ ဒသမ ၂ ဘီလီယံရှိသည့်အနက် ၄၃ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများ၌ နေထိုင်ကြသူများဖြစ်သည်။ ကျေးလက်ဒေသများတွင် နေထိုင်ကြသူများထက် မြို့ပြဒေသများ၌ နေထိုင်ကြသူပိုများသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ ဒသမ ၃ သန်းအနက် ၆၉ ရာခိုင်နှုန်းမှာ ကျေးလက်တွင် နေထိုင်ကြသူများဖြစ်သည်။ မြို့ပြထက် ကျေးလက်တွင် နေထိုင်ကြသူပိုများသည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ပိုမိုဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ တည်နေရာအကျယ်အဝန်းအရ ကျေးလက်ဒေသများသည် အကျယ်ပြန့်ဆုံးဖြစ်သည်။ အကျယ်ပြန့်ဆုံးဖြစ်၍ နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ယခင်က ဖွံ့ဖြိုးမှုနိမ့်ကျခဲ့သော ကျေးလက်ဒေသများသည် ယခုအခါတွင် သိသာစွာ ဖွံ့ဖြိုးတိုးတက်လာသော်လည်း ရာသီဥတုအခြေအနေ၊ ပထဝီအနေအထား၊ လမ်းပန်းဆက်သွယ်ရေးနှင့် နယ်မြေဒေသအခြေအနေများအရ ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များရှိသော ကျေးရွာအချို့ ရှိနေသေးသည်ကို တွေ့ရသည်။

နိုင်ငံတော်အနေဖြင့် သက်တံရောင်စီမံကိန်းဖော်ဆောင်၍ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ဝင်ငွေတိုးစီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အသေးစား၊ အငယ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ကျေးလက်လမ်းနှင့်ကုန်ထုတ်လမ်း၊ တံတားသစ်များဖောက်လုပ်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြစိမ်းရောင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြင့် ကျေးလက်စီးပွားမြင့်မားရေးဆောင်ရွက်ခြင်း၊ ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဖြင့် ရပ်ရွာအခြေပြု ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နှစ်စဉ်တိုးချဲ့အကောင်အထည်ဖော်လျက်ရှိသည်။

ယခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ပုဒ်မှာ "တို့ကမ္ဘာမြေ တိုးတက်ပြောင်းလဲဖို့ ကျေးလက်စွမ်းအားမြှင့်တင်စို့"ဟူ၍ဖြစ်သည်။ ကျေးလက်စွမ်းအားသည် အဓိကကျကြောင်း မီးမောင်းထိုးဖော်ပြထားသည်။ ကျေးလက်ဒေသများသည် စားရေရိက္ခာဖူလုံရေးအတွက် အထောက်အပံ့ပြုနေသည်။ ကျေးလက်စွမ်းအားဖြင့် ကမ္ဘာတစ်ဝန်းတိုးတက်ပြောင်းလဲရေးအတွက် တိုက်တွန်းထားသည်။ ယခုနှစ်ဆောင်ပုဒ်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျေးလက်ဒေသကို ပံ့ပိုးကြရမည်ဖြစ်သလို မိမိဒေသကို မိမိတို့ တန်ဖိုးထားရမည်ဖြစ်သည်။

ကျေးလက်ဒေသများသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံပြီး နိုင်ငံအတွက် အဓိကကျသည်မှာမှန်သော်လည်း စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု၌ အကြောင်းအမျိုးမျိုးဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများရှိနေသည်။ အချို့ဒေသများတွင် ကျေးလက်ဒေသများကိုစွန့်ခွာ၍ ရေကြည်ရာမြက်နုရာ ပြောင်းလဲအခြေချလာကြသည်ကို တွေ့ရသည်။ ထိုအခါ ကျေးလက်ဒေသများတွင် အခြေခံကောင်းများရှိသော်လည်း လုပ်သားရှားပါးမှု အခြေအနေများရှိလာသည်။ ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့အခြေချခြင်း၊ ကျေးလက်မှ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းများ တစ်စတစ်စများလာသည်။ အကယ်၍ ကျေးလက်ဒေသများ၌ အလုပ်အကိုင်အခွင့်အလမ်းများသာလွန်ပြီး လူမှုစီးပွားမြင့်မားလာပါက ရွှေ့ပြောင်းအခြေချမှု လျော့ပါးပြီး ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာကာ ရေရှည်တည်တံ့ခိုင်မြဲသော နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

ကျေးလက်ဒေသများ ပြုပြင်ပြောင်းလဲ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် စိုက်ပျိုးထုတ်လုပ်မှု စွမ်းအားမြင့်မားခြင်း(ပန်းတိုင်ရည်မှန်းချက်ပြည့်မီခြင်း)၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းခြင်း၊ ဈေးကွက်ဝင်ထုတ်ကုန်များ အလျှံပယ်ထွက်ရှိခြင်း၊ ကွဲပြားခြားနားပြီး ခေတ်မီသည့် ထုတ်လုပ်မှုပုံစံနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းခြင်း စသည့်ကဏ္ဍများအပြင် ဒေသအလိုက်သင့်လျော်သည့် လယ်ယာပြင်ပလုပ်ငန်းများ၊ စွန့်ဦးတီထွင်မှု အခွင့်အလမ်းများ၊ ဒေသဖွံ့ဖြိုးမှုနှင့်သက်ဆိုင်သည့် မူဝါဒများနှင့် ဒေသတည်ငြိမ်အေးချမ်းသာယာဝပြောသည့်အစီအစဉ်များ ဖြစ်ထွန်းရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ ကျေးလက်ဒေသပြည်သူများအနေဖြင့် အဆိုပါအခွင့်အလမ်းများနှင့် အကျိုးကျေးဇူးများရရှိလာပါက ကျေးလက်ဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် နိုင်ငံတော်အစိုးရ၏မူဝါဒများ၊ အစီအစဉ်များ၊ စီမံကိန်းများအောင်မြင်ရေးအတွက် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သလို ဒေသခံကျေးလက်ပြည်သူများ၏ မိမိဒေသ၊ မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို တန်ဖိုးထားသောစိတ်၊ နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်လိုသောစိတ်များ မြှင့်တင်၍ ကျေးလက်ဒေသများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။


လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

IMMIGRATION

## ကမ္ဘာ့လူဦးရေနေ့

လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

From Data to Development: Using Census For Socio-Economic Advancement

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်


## ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့အတွင်း မြစ်ကမ်းအနီးနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၉**

ယနေ့ညနေ ၆ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၆ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခွဲခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ချင်းတွင်းမြစ်နှင့် ငဝန်မြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၉**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ၉ - ၇ -၂၀၂၅ ရက်နေ့ ခါတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်း**မှာ ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

**ခါတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဦးဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။



themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့သည် ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး(နေပြည်တော်)၌ တွေ့ဆုံကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ အဖွဲ့ဝင် ဦးခင်မောင်ဦး၊ အတွင်းရေးမှူး ဦးရဲရင့်လွင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် အဖွဲ့ဝင် ဦးတင်အောင်၊ ဦးဝင်းလှိုင်ဦး(ခ) ကုန်ဇမှုန်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌတို့က ကျင်းပပြုလုပ်ရန်ရှိသော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိစေရန်၊ ပါဝင်ထိုက်သူများပါဝင်သော ရွေးကောက်ပွဲဖြစ်စေရန်၊ ဥပဒေနှင့်ညီညွတ်ပြီး သတ်မှတ်သောစံနှုန်းများ ကိုက်ညီစေရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲ အလွန်ကာလသုံးခုလုံး၌ ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဆိုင်ရာ ကိစ္စရပ်များ၊ ကိုယ်ဝန်ဆောင်များ အပါအဝင် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ မဲပေးနိုင်ရေးကိစ္စများ၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပညာပေးမှုကိစ္စများ၊ မြန်မာ Electronic မဲပေးစက်များ (MEVM) ဖြင့် လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းကိစ္စများ စသည့်ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဘေးသင့်ဝန်ထမ်းများအတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက အလှူငွေ၊ ဆိုလာမီးအိမ်နှင့် ဆေးဝါးများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးသင့်ဝန်ထမ်းများအတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက အလှူငွေ၊ ဆိုလာမီးအိမ်နှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဘေးသင့်ဝန်ထမ်းများ ယာယီနေထိုင်ရန် တပ်ဆင်ထားသော Container House များတွင် အသုံးပြုနိုင်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ငွေကျပ် ၁၂၃၀၀၀၀၀၊ ဆိုလာမီးအိမ် ၁၂၃ ခုနှင့် မှန်ချိုအကြောပြေလိမ်းဆေးများကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





အမှတ်(၁) တပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း(တောင်ငူ)မှ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး အောင်ကျော်ဦး ဦးဆောင်၍ အရာရှိ၊ စစ်သည်၊ ရဲမေ/သင်တန်းသား ၇၂ ဦးတို့ ဇူလိုင် ၉ ရက် ဝါဆိုလပြည့်နေ့က အမှတ်(၃) စစ်မြေပြင်ဆေးတပ်ရင်း၌ ဒသမအကြိမ်မြောက် ဒါနဥပပါရမီ ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းကြစဉ်။

ကိုဆန်း

## လှည်းကူးမြို့နယ်၌ နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်

လှည်းကူး ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက အခြေခံပညာ မူလတန်းလွန်ကျောင်း(ယင်းတိုက်ပင်)နှင့် ပိုက်ကြီးဝဲကျောင်းတို့၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ အာဇာနည်နေ့အကြောင်းသိကောင်းစရာနှင့် မူးယစ်ဆေးဝါးဆိုးကျိုးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်စုံကျော်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလက်ကမ်းစာစောင်များလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ အပူပိုင်းဒေသ(၁၃)ခရိုင် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပမည့်နေရာများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဘက်စုံသုံးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပမည့်နေရာအား ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ်(၃၁၄/၀)အနီးရှိ ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထားသော မိုးရာသီသစ်မျိုးစုံစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေနှင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မိတ္ထီလာမြို့နယ် လိန်တောကြိုးပြင်ကာကွယ်တောအတွင်းရှိ ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေး ဝဲ/ယာ ဘက်စုံသုံး စိုက်ခင်း၊ ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပမည့်နေရာတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းတစ်လျှောက် ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများနှင့် ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထားသော စိမ်းလန်းစိုပြည်ရေး ဘက်စုံသုံးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်း မိုင်တိုင်အမှတ်(၄/၀)တွင် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပမည့်နေရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းတစ်လျှောက် ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေး ဝဲ/ယာ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများနှင့် ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေး ဝဲ/ယာ စိမ်းလန်းစိုပြည်ရေး ဘက်စုံသုံးစိုက်ခင်းများ၊ ညောင်ဦးမြို့နယ် တုရင်တောင် အဆိုပြုကြိုးပြင်ကာကွယ်တောရှိ တုရင်တောင်ဒေသ အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်းတို့အား ကြည့်ရှုစစ်ဆေးကာ ရေရှည်တည်တံ့စေရေးအတွက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် မှာကြားသည်။

**သတင်းစဉ်**



# အသား/ငါး မွေးမြူထုတ်လုပ်မှု တိုးတက်ရေးနှင့် တိုးချဲ့မွေးမြူနိုင်ရေး ဆွေးနွေးမှာကြား

**နေပြည်တော် ဇူလိုင် ၉**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဇူလိုင် ၇ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ မြဘုရင် နို့စားနွားမွေးမြူရေးလုပ်ငန်း၏ နို့စားနွားအကောင် ၄၀၀ ကျော် မွေးမြူထားရှိမှုကိုကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် ယူနစ်အလိုက် မွေးမြူလုပ်ကိုင်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်မှာကြားသည်။

**ဆွေးနွေးမှာကြား**

အလားတူ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကသဲကုန်းကျေးရွာရှိ Mandalay Livestock Development Co.,Ltd. ဥစားကြက်မွေးမြူရေးခြံတွင် အလုံပိတ်အအေးခန်းစနစ်ဖြင့် ဥကြက်မ ၅၃၀၀၀ နှင့် ဥစားကြက်ကလေး ၃၁၂၁၃ ကောင် မွေးမြူထားရှိမှုနှင့် တစ်ရက်လျှင် ကြက်ဥ ၂၇၀၀၀ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုကိုလည်းကောင်း၊ Hanvet Myanmar Co.,Ltd. ၏ ဥစားကြက်မွေးမြူရေးခြံတွင် ဥကြက်မ ၃၁၀၀၀ မွေးမြူထားပြီး တစ်ရက်လျှင် ကြက်ဥ ၂၅၀၀၀ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ဇီဝလုံခြုံမှုအလေးပေးဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန ကူမဲငါးလုပ်ငန်းစခန်းသို့ရောက်ရှိပြီး စခန်းအတွင်း ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ငါးသိုင်းခေါင်းပွ၊ ငါးခုံးမကြီး၊ ငါးကြင်းဖြူနှင့် တီလားပီးယားငါးမျိုးများ သားဖောက်ခြင်းနှင့် ငါးသားပေါက်ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ငါးသားပေါက်ထုတ်လုပ်ရန် လျာထားချက် ပြည့်မီကျော်လွန်ရေး ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့နယ် စက်မှုဇုန်ရှိ Garden Family Co.,Ltd. တိရစ္ဆာန်အစာထုတ်လုပ်ရေးစက်ရုံ၏ ဆိတ်အစာတောင့်ထုတ်လုပ်မှုအဆင့်ဆင့်နှင့် မိတ္ထီလာမြို့နယ် မြင်တော်ကန်ကျေးရွာရှိ Real Balance Co.,Ltd. နှင့် Lucky Brand Co.,Ltd. အသားခြောက်နှင့် စားသောက်ကုန်လုပ်ငန်းကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် မိတ္ထီလာမြို့နယ် ဆူးဖြူကွက်ကျေးရွာ မွေးမြူရေးတောင်သူ ဦးမောင်မြင့်၏ ဆိတ်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ဆိတ်အကောင်ရေ ၃၀၀၀ ကျော် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အသားကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန်နှင့် မွေးမြူရေးကို အခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# MSME ဖွံ့ဖြိုးရေး အထောက်အကူပြု နည်းပညာဝန်ဆောင်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၌ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်အရည်အသွေး အခြေခံအဆောက်အအုံစနစ်ပါ အဓိကလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ရည်မှန်းချက် တာဝန်များ အောင်မြင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန်၊ ဒေသထွက်ကုန်ကြမ်း အခြေပြု MSME လုပ်ငန်းရှင်များ တောင်းခံထားသော နည်းပညာများကို လွှဲပြောင်းနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ အမျိုးသား ဓာတ်ခွဲခန်းကို နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိရန် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဓာတ်ခွဲတိုင်းတာမှု ဝန်ဆောင်မှုများပေးနေသည့် အနီအောက်ရောင်ခြည်သုံး ဓာတ်ခွဲခန်း၊ X ရောင်ခြည် လှိုင်းကွေ့ခြင်း နည်းပညာသုံး ဓာတ်ခွဲခန်းနှင့် နမူနာပစ္စည်းများကို အငွေ့အဖြစ်ပြောင်းပြီး အော်ဂဲနစ်ဓာတုဒြပ်ပေါင်းများ ခွဲခြမ်းစိတ်ဖြာပေးခြင်း ဓာတ်ခွဲခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြန်ပြည့်မြဲစွမ်းအင်နှင့် အီလက်ထရောနစ် နည်းပညာသုတေသနဗဟိုဌာနရှိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်း(၂၀၂၂)ဖြင့် တည်ထောင်ထားသော နေရောင်ခြည်စွမ်းအင်ပြခန်းနှင့် အမိုးတင်ဆိုလာတပ်ဆင်သုံးစွဲမှု အခြေအနေများ၊ Solar Dryer စနစ်များနှင့် ဒေါင်လိုက်ဝင်ရိုးကြောင်လိမ်လေကာအားပုံစံ အသေးစားလေအားလျှပ်စစ်တာဘိုင် သုတေသနလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည် ကြည့်စစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသည် ယခင်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ စီမံကိန်းခြောက်ခုသာ ဆောင်ရွက်နိုင်ခဲ့ရာမှ ၂၀၂၁ ခုနှစ်မှ ယနေ့အထိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ စီမံကိန်းရှစ်ခု ဆောင်ရွက်နိုင်ခဲ့ပြီး အမျိုးသားဓာတ်ခွဲခန်းက ၂၀၂၄ ခုနှစ်တွင် ဓာတုကုန်ကြမ်းနမူနာ ၁၂၄၆၃ ခု၊ သယံဇာတနမူနာ ၁၆ ခု၊ ရေ/အစားအစာအမျိုးမျိုးနမူနာ ၄၅၂၆ ခုနှင့် သုတေသနပြုနမူနာ ၉၇၆ ခုတို့ကို ဓာတ်ခွဲစမ်းသပ်တိုင်းတာကာ ပြည်သူများအား ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။ ယခင်က မြန်မာစံချိန်စံညွှန်း ၄၃၉ ခုသာ ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်မှ ယနေ့အထိ မြန်မာစံချိန်စံညွှန်း ၄၅၀ ကို တိုးမြှင့်ပြဋ္ဌာန်းနိုင်ခဲ့ပြီး မြန်မာစံချိန်စံညွှန်း ၈၈၉ ခုအထိ သတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့ကာ MSME ဖွံ့ဖြိုးရေး အထောက်အကူပြု နည်းပညာဝန်ဆောင်မှု လုပ်ငန်းများကို မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ဩဝါဒါစရိယဆရာတော်ထံမှ ဂေါပက အဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများ ဝါတွင်းသီလ ခံယူဆောက်တည်ကြစဉ်။



သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

❖ ရွှေ့ဖုံးမှ

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင်ညှော့်ခံတန်ဆောင်း၌ကျင်းပရာ ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို ဆက်လက်ကျင်းပရာ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည် ဘုရားပင့်ဂါထာတော်ဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ နတ်ဗြဟ္မာများအား ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှမ်းဂါထာရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ စတင်၍ ရွှေကြာသင်္ကန်းလှည့်လည်ပူဇော်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဝါဆိုရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်ကာ ရင်ပြင်တော်တစ်ပတ် လက်ယာရစ်လှည့်လည်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများက အလှူတော်ငွေများ လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက စေတီတော်ရင်ပြင် အထက် ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရားအား ဝါဆိုရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက အာရုံခံတန်ဆောင်းမုခ် လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ မြတ်စွာဘုရားများအား ဝါဆိုရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။



လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ထို့နောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် (ဓမ္မစကြာအခါတော်နေ့) ရေစက်ချမင်္ဂလာအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဒေါက်တာ ဘဒ္ဒန္တ အဂ္ဂသာမိထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိ ဦးဘိုးသင်းက အဖွင့်မင်္ဂလာစကား လျှောက်ထားကာ ဂေါပက အဖွဲ့ဝင်များနှင့် အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ဝါဆိုရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃာ့ဝန်ဆောင် ဘဒ္ဒန္တသုစိတ္တထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြယူကြပြီး ရေစက်သွန်းချအမျှပေး ဝေကြသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ဆူးလေ စေတီတော်၊လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ( ကျောက်တော်ကြီးဘုရား)၊ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်း စေတီတော်၊ ဆုတောင်းပြည့်မယ်လမုစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားနှင့် တိလောကဥသျှောင်မုနိရာဇ အောင်မြေ သဗ္ဗညုပုထိုးတော်ကြီး (ရန်ကုန်)တို့၌လည်း သက်ဆိုင်ရာ စေတီတော် ဂေါပကအဖွဲ့ဝင်များ ကြီးမှူး၍ ဩဝါဒါစရိယဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ပရိတ်တရားတော်နှင့် ရေစက်တရားများနာယူခြင်း၊ ဝါတွင်းကာလ သီလခံယူခြင်းစသည်ဖြင့် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားများကို ကျင်းပကြသည်။

ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရန်ကုန်မြို့ရှိ ဘုရားစေတီပုထိုး၌ ပြည်တွင်း/ပြည်ပ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုကြကာ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များကပ်လှူပူဇော်ခြင်း၊ တရားနာယူခြင်း၊ တန်ဆောင်းများ၌ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်းနှင့် အလှူရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းမှုများဖြင့် အထူးစည်ကားများပြားလျက်ရှိကြောင်း တွေ့မြင်ရသည်။ **သတင်း၊ဓာတ်ပုံ–ဇော်မင်းလတ်(MNA)**



ရှေးဟောင်းသမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်တွင် ဩဝါဒါစရိယဆရာတော်ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများ ဝါတွင်းသီလ ခံယူဆောက်တည်ကြစဉ်။



ဆုတောင်းပြည့်မယ်လမုစေတီတော်တွင် ဩဝါဒါစရိယဆရာတော်ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများ ဝါတွင်းသီလ ခံယူဆောက်တည်ကြစဉ်။

# ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကား

နေပြည်တော် ဇူလိုင် ၉

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီများ၌ ပြည်သူများသည် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်းနှင့် တရားဘာဝနာပွားများခြင်း စသည့်ကုသိုလ်ကောင်းမှုများကိုပြုလုပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိတန်ခိုးကြီး ဘုရား စေတီပုထိုးများ၌လည်း ဗုဒ္ဓဘာသာ အစဉ်အလာနှင့်အညီ ကုသိုလ်ကောင်းမှု ပြုလုပ်၍ သီတင်းသီလဆောက်တည်ကြသူ ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားခဲ့သည်။

နံနက်ပိုင်းမှ စတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများစွာ လာရောက် ဖူးမြော်ကြသည့် ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ထို့ပြင်ဘုရားဖူးလာပြည်သူများသည် အံ့မခန်းဗိသုကာလက်ရာများဖြင့် တည်ဆောက်ပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီဆောက်ထားရှိသည့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေး နေရာများ၌ မိသားစုလိုက်နှင့် မိတ်ဆွေတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက် ဖူးမြော် လေ့လာကြည့်ညိုကြကာ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျတည်



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီတော်များနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ပြည်ထောင်စု နယ်မြေ နေပြည်တော် လက်လုပ်တောင်တောရရှိ ရွှေနန်းသွင်းစေတီတော်မြတ်ကြီး၌ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

သူငယ်ချင်း အစုအဖွဲ့လိုက် ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံ ရိုက်နေကြသည့် မြင်ကွင်းများကို ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

အလားတူ နေပြည်တော်ရှိ လက်လုပ်တောင်၊ ရွှေနန်းသွင်း စေတီတော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး၊ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့နယ်ရှိ ဖောင်တော်ချက်မစေတီတော်၊ ဥတ္တရသီရိမြို့နယ်ရှိသတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် "ဖွား၊ ပွင့်၊ ဟော၊ စံ" သံဝေဇနီယလေးဌာနအပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများနှင့် ဓမ္မရိပ်သာများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းများ ကပ်လှူခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှု ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့အတူ ဝါဆိုလပြည့်နေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့်အတွက် နေပြည်တော်အတွင်း အပန်းဖြေအနားယူရာ နေရာများ၌လည်း လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ အနားယူ အပန်းဖြေကြသည့် ပြည်သူများဖြင့် စည်ကားခဲ့သည်။

ဝါဆိုလပြည့်နေ့သည် ဘုရားအလောင်းတော် တုသိတာနတ်ပြည်မှစုတေကာ လူ့ပြည်၌ ပဋိသန္ဓေတည်သည့်နေ့၊ သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးကို မြင်၍တောထွက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူပြီး ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသောနေ့၊ သာဝတ္ထိပြည် သရက်ဖြူပင်ခြေရင်း၌ တိတ္ထိတို့ကိုနှိမ်နင်း၍ တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်ထွန်းသောနေ့၊ သံဃာရတနာ စတင်ပေါ်သောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့နှင့် ဗောဓိပက္ခိယ ဟူသောစကားကို စတင်ကြားရသောနေ့ဖြစ်ခြင်း စသည့် ထူးကဲမွန်မြတ်လှသည့် ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်ကြောင်း သိရသည်။

မင်းကျော်စွာ

ဓာတ်ပုံ - ဖိုးပြည့်စုံ

# ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့တွင် မန္တလေးမြို့နှင့်အနီးဝန်းကျင်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိ

မန္တလေး ဇူလိုင် ၉

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားသည့် နေ့တစ်နေ့ဖြစ်သည်နှင့်အညီ ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများအား ဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း၊ ရပ်ကွက်၊ လမ်းများရှိ ဓမ္မာရုံများ၌ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့၏ အထင်ကရဖြစ်သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညိုကြပြီး ဆွမ်း၊ ရေချမ်း၊ ပန်း ကပ်လှူပူဇော်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်းများအပြင် ဥပုသ်သီတင်းသီလဆောက်တည်၍ တရားဘာဝနာအားထုတ်ခြင်းနှင့် ဘာသာရေး၊ လူမှုရေးဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်တို့ကို အဖွဲ့လိုက်၊ မိသားစုလိုက် ရွတ်ဖတ်ခြင်းများ ဆောင်ရွက်ကြပြီး ကုသိုလ်ကောင်းမှုပြုကြသည်။



မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။

အလားတူ မန္တလေးမြို့ပေါ်နှင့်အနီးပတ်ဝန်းကျင်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် နံနက်အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်း၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းလောင်းလှူဒါန်းခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်း စသည့် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့အတူမန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မန္တလေးမြို့ပေါ်ကျောင်းတိုက်အသီးသီး၌ ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်အရှင်သူမြတ်များအား ရည်မှန်း၍ ပင့်သံဃာ ၂၇ ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အလှူအဖြစ် ကျင်းပသည်။

ထို့ပြင် မြို့၊ ရွာ၊ ရပ်ကွက်ရှိ ဓမ္မာရုံများတွင် ဝါဆိုသင်္ကန်း၊ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော်များက သီလပေးတရားတော်များနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်ခြင်းစသည့် တရားဓမ္မသံများဖြင့်လည်း ထုံမွှမ်းလျက်ရှိသည်။

အလားတူ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရား၊ မန္တလေးတောင်တော်၊ ဝေဠုဝနကျောက်စိမ်းစေတီတော်၊ အောင်တော်မူဘုရားနှင့် အခြားဘုရား၊ စေတီများတွင်လည်း လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စေတနာရှင် အလှူရှင်များက စတုဒိသာများကျွေးမွေးလှူဒါန်းဒါနပြုကြသည်။

ထို့အတူ မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သော ကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အပန်းဖြေစခန်းများ၊ အမရပူရမြို့နယ်ရှိ ဦးပိန်တံတား၊ တောင်သမန်မယ်ဇယ်လွင်ပြင်အပန်းဖြေစခန်းတို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်



မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရား၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။



မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။



## လှိုင်းကော်မြို့၌ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ကုသိုလ်ဒါနပြုကြသူများ စည်ကား

လှိုင်းကော် ဇူလိုင် ၉

ကယားပြည်နယ် လှိုင်းကော်မြို့၌ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် သီရိမင်္ဂလာတောင်ကွဲစေတီတော်၊ ဆုတောင်းပြည့်သမိုင်းဝင်မြို့နာမ်ရွှေစေတီတော်၊ သစ်တစ်ပင်တောင်စေတီတော်၊ မိုးဃမ်းကောင်းဘုရားကြီး စသည့် ဘုရားကျောင်းကန်၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလ ကုသိုလ်ပြုဆောက်တည်ကြသူများ၊ နောင်ယားကန်သာ၊ ထေးငှားလျားကန်၊ ကန္တာဟေဝန်ပန်းခြံ၊ ရှူခင်းသာပန်းခြံနှင့် ဘီလူးချောင်းကမ်းနားလမ်းတစ်လျှောက် အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)

■

# ဝါဆိုစဉ် စာအလင်္ကာများ

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇ **မောင်လူမွှေး(မြန်မာမှု)** ◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ဝါဆိုလနှင့် မြန်မာ့ယဉ်ကျေးမှုသည် လက်ခုပ်လက်ဝါး တစ်သားတည်းဆိုသကဲ့သို့ ရှိပါသည်။ လောကနီတိစာပေများတွင် "လ" တကာတွင် နက္ခတ်စုံသော တန်ဆောင်မုန်းလသည် အမြတ်ဆုံးဟု ဖော်ညွှန်းထားပါသည်။ ဤသို့အဆိုရှိသလို မြန်မာမှုနှင့်ယှဉ်လျှင်လည်း ဝါဆိုလသည် အခြားလများထက် ထူးခြားသည်ဟု ဆိုချင်ပါသည်။

မြန်မာ့ပြက္ခဒိန်အစီအရင်တွင် သင်္ကြန်တွက်ရိုး၊ နေကြပ်၊ လကြပ်၊ ဝါထပ်၊ ရက်ငင်၊ အဓိမာသ်ပြို/မပြို စသည် ပြက္ခဒိန်ဆိုင်ရာ အကြောင်းအရာများသည် ဝါဆိုလ၏ လပြည့်၊ လကွယ်နေ့ရက်များကို အဓိကထား တွက်ကိန်းဆင် အဟောထုတ်ရပေသည်။ ရှေးမြန်မာမင်းများလက်ထက် လွှတ်တော်မှ ပြန်တမ်းထုတ်ရပါသည်။ ယနေ့တိုင်လည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ပြန်နေဆဲဖြစ်ပါသည်။

ရှေးမြန်မာဘုရင်များနှင့် သာသနာပိုင်ဆရာတော်များ အစဉ်အဆက် သက္ကရာဇ်ဖြိုခြင်း၊ ဝါထပ်ရက်ငင်ညှိခြင်းစသည့် ဆုံးဖြတ်ချက်အယူအဆသမိုင်းစဉ်ဖြစ်ရပ်များသည် ဝါဆိုလကို အကြောင်းပြု၍ဖြစ်ပေါ်လာသော နိဒါန်းများဖြစ်သည်။ (ပထမမောင်းထောင်သာသနာပိုင်နှင့် ဗဒုံမင်း စသည်..... ကုန်းဘောင်ခေတ်)

ပြက္ခဒိန်အစီအရင်တွင် ပထမဝါဆို၊ ဒုတိယဝါဆိုနှင့် ရက်ငင်/မငင်၊ သုဒ္ဓဒိန်ဖြစ်/မဖြစ် ဆုံးဖြတ်ချက်များသည် ဝိနည်းဆိုင်ရာအဆုံးအဖြတ်များနှင့် ဆက်စပ်နေသည်။

သံဃာတော်များအနေဖြင့်လည်း ပုရိမဝါဆိုခြင်း(ပထမဝါဆို)၊ ပစ္ဆိမဝါဆိုခြင်း (ဒုတိယဝါဆို)၊ ကထိန်အာနိသင်ရ/မရ စသည် အကြောင်းအရာများသည် ဝိနည်းအဆုံးအဖြတ်များနှင့် ဆက်စပ်နေပေသည်။

ဝါဆိုအမည်ဝေါဟာရသည် ပုဂံခေတ်ဦးတွင် မြွယ်တာလ – နွယ်တာလ (မြေတိုင်းသောလ)ဟု ကျောက်စာ၊ မင်စာများတွင် တွေ့ရပါသည်။

ဗုဒ္ဓဘာသာသာသနာ အလွန်အားကောင်းလာသောအခါ မူလပေါရာဏဖြစ်သော မြွယ်တာလ–နွယ်တာလ ဝေါဟာရစသည်များသည် တဖြည်းဖြည်းကွယ်ပျောက်ပြီး ဗုဒ္ဓဘာသာကို အခြေခံသော ဝေါဟာရများဖြစ်လာကြသည့်အနက် ဤ "ဝါဆို" ဝေါဟာရသည် ရဟန်းသံဃာတော်များ ဝါဆိုဝါကပ်ပြုမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဝေါဟာရသာဖြစ်လာသည်။ ဝါဆိုဝေါဟာရအသုံးများ ထွန်းကားလာသလို ဝါဆိုနှင့်ပတ်သက်သော စာပေများ၊ ရုပ်လုံးရုပ်ကြွ ပန်းချီအနုပညာများသည်လည်း ၁၂ လရာသီ အနုပညာများနှင့်အတူ ပေါ်ပေါက်လာခဲ့ပေသည်။

ပုဂံခေတ် ဘုရားပုထိုး ဂူကျောင်းပြာသာဒ်အရပ်ရပ်တွင်ရှိကြသော ၁၂–လရာသီပွဲတော်ဆိုင်ရာ အနုပညာများနှင့် ဘာသာရေးဆိုင်ရာ ပုံတော်စုံများ အသီးသီးရှိကြသည့်အနက် ပုဂံခေတ်တွင် တည်ဆောက်ခဲ့သော ဥပါလိသိမ်တွင် တွေ့ရသည့် ဗုဒ္ဓဝါဆိုစဉ် နံရံဆေးရေးပုံတော်မှာ အလွန်လက်ရာမြောက်၍ ထိုခေတ်ထိုကာလ ဝတ်စားဆင်ယင်မှုများကို ဗဟုသုတအနေဖြင့် မှတ်သားဖွယ်ရာ တွေ့နိုင်ပါသည်။ (ကုန်းဘောင်ခေတ်ထပ်ရေး ပန်းချီဖြစ်ပါသည်။)

ပုဂံခေတ်မှသည် ခေတ်အဆက်ဆက် ဒေသအသီးသီးတွင် ဖော်ဆောင်ခဲ့ကြသော ရုပ်လုံးရုပ်ကြွများရှိသလို စာပေဆိုင်ရာများအနေဖြင့်လည်း အသီးသီးရှိကြပါသည်။ အထူးသဖြင့် ပိဋကတ်စာပေတွင် ဝိနည်းဆိုင်ရာအဖွင့်များပင်ဖြစ်သည်။ သို့သော်

> ❝ဗုဒ္ဓဘာသာသာသနာ အလွန်အားကောင်းလာသောအခါ မူလပေါရာဏဖြစ်သော မြွယ်တာလ-နွယ်တာလ ဝေါဟာရစသည်များသည် တဖြည်းဖြည်းကွယ်ပျောက်ပြီး ဗုဒ္ဓဘာသာကို အခြေခံသော ဝေါဟာရများဖြစ်လာကြသည့်အနက် ဤ "ဝါဆို" ဝေါဟာရသည် ရဟန်းသံဃာတော်များ ဝါဆိုဝါကပ်ပြုမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဝေါဟာရသာဖြစ်လာသည်။ ဝါဆိုဝေါဟာရအသုံးများ ထွန်းကားလာသလို ဝါဆိုနှင့်ပတ်သက်သောစာပေများ၊ ရုပ်လုံးရုပ်ကြွပန်းချီအနုပညာများသည်လည်း ၁၂ လရာသီ အနုပညာများနှင့်အတူ ပေါ်ပေါက်လာခဲ့ပေသည်❞

ထိုဝိနည်းအဆုံးအဖြတ် အကြောင်းအရာများကို အများစုနားမလည်နိုင်ပေ။ ဝါဆိုစဉ် ဘုရားရှိခိုးနှင့် စာအလင်္ကာများမှာမူ အများနားလည်နိုင်သော စာပေများဖြစ်ပါသည်။ ဥပမာအားဖြင့် ဘာသာရေးဆိုင်ရာ ရုပ်လုံး၊ ရုပ်ကြွပန်းချီကား၊ ပြက္ခဒိန်အဖုံး စသည်တို့တွင် ဗုဒ္ဓဘုရားရှင် ဆယ်ဝါမြောက် ပလလဲတော၌ ဝါဆိုစဉ် မျောက်နှင့်ဆင် က အခြံအရံ အလုပ်အကျွေးပြုပုံကို အခါအားလျော်စွာ တွေ့ဖူးကြပါလိမ့်မည်။ ဤသို့သောအခန်းကို မည်သို့မည်ပုံ ရေးဆွဲသင့်သည်၊ ရေးဆွဲရမည်ကို စွယ်စုံကျော်ထင် ကျမ်းတွင် တွေ့နိုင်သည်။

ကြည့်ကန်ရှင်ကြီး မေး၍ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ဖြေဆိုသော စွယ်စုံကျော်ထင်ကျမ်းလာ ပုစ္ဆာအမှတ်–၅၀၀ ၌ "ပလလဲစပ်၊ တောမြိုင်ရပ်၊ ဝါကပ်ကျောင်းတော်ရှိလိမ့်နည်း" ဟူသော အမေးကို ဗုဒ္ဓဝင်ဆိုင်ရာ အပဒါန်အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာများကို ကျမ်းကိုးပြု၍ "ဝါကပ်ရာကျောင်းသင်္ခမ်းမရှိ"ဟု ဖြေဆိုထားလေသည်။

ထို့ကြောင့် အချို့ပလလဲတောဝါဆိုစဉ်တွင် ကျောင်းသင်္ခမ်းပုံနှင့် ထည့်သွင်းသရုပ်ဖော်ထားသည်ကို ကျမ်းဂန်နှင့် ကွဲလွဲနေသည်ကို အလွယ်တကူ သိနိုင်လေသည်။ ဤသည်မှာ ဗဟုသုတဆိုင်ရာ တစ်စိတ်တစ်ဒေသဖော်ပြခြင်း ဖြစ်ပါသည်။ အဓိက ဖော်ပြလိုချက်မှာ ဗုဒ္ဓဝါစဉ် စာအလင်္ကာများသာ ဖြစ်ပါသည်။

တစ်ခါသော် ဘုရားကိုးဆူပူဇော်ပွဲတစ်ခုတွင် ဗုဒ္ဓမြတ်စွာ ပလလဲတောတွင် ဝါဆိုစဉ် သီတင်းကျွတ်၍ ရှင်အာနန္ဒာပြန်ပင့်သောအခန်း၌ ပလလဲဆင်မင်း ဝမ်းနည်းသော(ရင်ကွဲနာကျ) အခန်းကို ဘုရားကိုးဆူဆရာက အသံနေအသံထား အနိမ့်အမြင့် အဆွဲအငင်အတင်အချပြုပြီး ကြေးစည်သံနောင်ဝေဝေဖြင့် နံနက်အရုဏ်တက် ရွတ်ဖတ်ရာ အလွန်ကြည်နူးပြီး စိတ်ကူးဖြင့် ကွက်ကွက်ကွင်းကွင်း မြင်ကွင်းပန်းချီ ထင်ဟပ်ခဲ့ဖူးပါသည်။

ထိုမှစတင်၍ ဝါဆိုစဉ် စာပေအလင်္ကာကို စိတ်ဝင်စားလာရာ ဝါဆိုနှင့်ပတ်သက်၍ စာဆိုပညာရှင်အသီးသီး၏ ဝါဆိုစဉ် အလင်္ကာအမျိုးမျိုးကို စုဆောင်းခဲ့ပါသည်။ ဝါဆိုစဉ် စာပေကို ရှေးပညာရှင်များ ရေးဖွဲ့ခဲ့ရာ၌ ကျမ်းတစ်စောင်ပေတစ်ဖွဲ့မဟုတ်ဘဲ ပကိဏ္ဏက(ပြိုးပြွမ်း) စာစုအနေဖြင့်သာ တွေ့ရသည်။ ဥပမာ – ဆရာတော်ဦးဗုဓ် စာစုစာရင်း၊ မုံရွေးဇေတဝန်ဆရာတော်၏ စာစုစာရင်း စသည်ထဲတွင် ကြားညှပ်ပါသော စာများသာဖြစ်သည်။

အခြားဝါဆိုစဉ် စာအလင်္ကာများမှာလည်း ထိုနည်းတူ ကျမ်းစာအကြောင်းအရာထဲမှ တစ်စိတ်တစ်ပိုင်းမျှသာဖြစ်ပါသည်။ ထိုအကြောင်းအရာ (ဝါဆိုစဉ်)များကို စာဆိုများ၏ သက္ကရာဇ်စဉ်ဖြင့် ဖော်ပြပါမည်။

ဝါဆိုစဉ် စာအလင်္ကာများ ရေးဖွဲ့ကြသည့် စာဆိုကြီးများအနက် ရှေးအကျဆုံးရေးဖွဲ့ခဲ့သူမှာ လောကနီတိကျမ်းပြုပညာရှင် စတုရင်္ဂဗလအမတ်ကြီး(၆၇၅–၇၂၅ ခန့်)ဖြစ်ပါသည်။ ရှေးအကျဆုံးတွေ့ရသော စာပေဖြစ်ပါသည်။ ဂါထာ ခုနစ်ပိုဒ်ရှိသည်။ ပါဠိနိဿယရေးဖွဲ့မှုမျိုးဖြစ်သည်။

လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ပထမဝါကို သုံးလပတ်လုံး ဣသိပတနရသေ့ပစ္စေကဗုဒ္ဓါတို့ သက်ကျရာဖြစ်သော မိဂဒါဝုန်တော၌ ဝါကပ်တော်မူသည်မှစတင်၍ လေးဆယ့်လေးဝါမြောက်ပြီး နောက်ဆုံးလေးဆယ့်ငါးဝါကို ဝေဠုဝရွာတွင် သီတင်းသုံးဝါဆိုတော်မူသော မြတ်စွာဘုရားကို ရှိခိုးပါ၏ဟု ရေးဖွဲ့ထားခြင်းဖြစ်လေသည်။

ဒုတိယတွေ့ရသော ရေးဖွဲ့သူမှာ စိန္တကျော်သူ ဦးဩ(၁၀၉၈–၁၁၃၃)ဖြစ်သည်။ စိန္တကျော်သူ ဦးဩမှာ ကုန်းဘောင်ခေတ်တွင် စာပေပညာရှင်ကြီးဟု အလွန်ထင်ရှားခဲ့သော တွင်းသင်းတိုက်ဝန်မဟာစည်သူ(၁၀၈၈–၁၁၆၈)၏ တူတော်ဖြစ်ပေသည်။ ရေးဖွဲ့ထားသော စာအလင်္ကာအမျိုးအစားမှာ ရကန်အမျိုးအစားဖြစ်ပါသည်။ ရကန်စာပေမှာ တစ်ဦးတစ်ယောက်၏အဆိုကို အကျောက်အကန်လုပ်၍လည်းကောင်း၊ သရော်၍လည်းကောင်း ရေးဖွဲ့ကြသောစာပေအမျိုးအစားဖြစ်သည်။

သူရေးဖွဲ့သော ရကန်တွင်--- လောကသုံးဦး ခေါင်မှန်ဖူး၏ ကျေးဇူးစာ၊ ရှေးကဆိုဟန် အတန်တန်သည် ရကန်ရတုမှာပင်၊ ကျမ်းနှင့်စာညီလာဘဲ ဘီးကို–ရှင်မှာ မတင်သာသည် တောင်ယာနှင့်ခန္ဓသို့ အလွဲလွဲအချွတ်ချွတ် ပညာနည်းသူ ထိုအောက်လူတို့ အယူဝါဒလွတ်ချိမ့်၊ ရှေးစာချွတ်လည်း တည့်မတ်အောင် အာဇာနည်လူ့ ယှဉ်မပြုသည် ငါ့တူမင်းရွှေတောင်က၊ ယဉ်လှအောင်စပ်ဆိုဘိ လင်္ကာပုဒ်တွင် သာရအင်နှင့် ရှင်ပင်မိန့်တော်ရှိ၍၊ စံကဝိလူပုဂ္ဂိုလ်နိဂုံးနှင့်တကွ ပဋ္ဌမကို ပဒပြည့်အောင်ဆိုရှင့်၊ ရကန်ချိုပေါ်သစ်စ ကျမ်းနှင့်ညီအောင် နိဒါန်းဆောင်သည် ရွှေတောင် ဂါမော်ကတည်းလေး...။

စာဆိုဦးဩ၏ဆိုလိုချက်မှာ ဝါဆိုစဉ်နှင့်ပတ်သက်၍ ရှေးပုဂ္ဂိုလ်များ ရေးဖွဲ့ခဲ့ကြသည့် စာပေများရှိပေသည်။ သို့သော် ပိဋကတ်ကျမ်းစာနှင့်မညီကိုရင်ရှင်သာမဏေနှင့်ဘီး၊ တောင်ယာနှင့်ခန္ဓ အဆီအငေါ်မတည့်သလို အလွဲလွဲ အချော်ချော်ဖြစ်သည်။ ဤသို့သောစာပေမျိုးကို ကျမ်းနှင့်ညီအောင် ညှိ၍ တူတော်မောင်က ရေးစပ်ပါဟု ဦးလေးတွင်းသင်းမင်းကြီးဦးထွန်းညိုက တိုက်တွန်း၍ ဤစာကို ကျမ်းနှင့်အညီရေးလိုက်သည်။

ဝါဆိုစဉ်နှင့်ပတ်သက်လျှင် မိမိသည် စံပြုလောက်သည့် ပညာရှိကဝိဖြစ်သည်ဟု ကြွားကြွားဝင့်ဝင့် ရကန်ပီပီ ရေးသားထားခြင်းဖြစ်သည်။ စတုရင်္ဂဗလအမတ်ကြီးနှင့် စိန္တကျော်သူဦးဩတို့၏ ခေတ်ကို ချင့်တွက်ပါက နှစ်ပေါင်း ၄၀၀–၄၅၀ ခန့် ကွာဝေးပေသည်။ ကြားကာလတွင် မြန်မာ့သမိုင်း၌ ထင်ရှားခဲ့သော စာပေပညာရှင်ကြီးများ၊ စာဆိုကြီးများ များစွာပင်ရှိခဲ့ပေသည်။

ထိုပုဂ္ဂိုလ်ကြီးများအနက် အချို့သောစာဆိုပုဂ္ဂိုလ်တို့သည် ဝါဆိုစဉ်နှင့်ပတ်သက်၍ ရေးခဲ့တန်ရာ၏။ ထိုစာပေမျိုးများကို ရှာဖွေစုဆောင်းဆဲ၊ သုတေသနပြုဆဲဖြစ်ပါသည်။ စာဆိုစိန္တကျော်သူဦးဩ၏ ဤရကန်ကိုသာလျှင် စာအလင်္ကာနှင့်တွေ့ရပေသည်။ ရကန်ပိုဒ်ရေ ငါးပိုဒ်ရေးထားသည်။ အလွန်စိတ်ဝင်စားဖွယ်ရာဖြစ်ပါသည်။

တတိယတွေ့ရသော ဝါဆိုစဉ် စာအလင်္ကာမှာ မုံရွေးဇေတဝန်ဆရာတော်(၁၁၂၈–၁၁၉၀) ဖြစ်သည်။ လင်္ကာအရေးအသားဖြစ်သည်။ မုံရွေးရှင် သီရိမာလာ။ (နောင်သော်– လေ့သင်းအတွင်းဝန် ဦးချိန်) မေးမြန်းချက်။ ဗုဒ္ဓဝါဆိုစဉ် အကြောင်းအရာကို လင်္ကာသွားဖြင့် ရေးသားထားခြင်းဖြစ်ပါသည်။ ပိဋကတ်တော်ဆိုင်ရာ ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဝဇီရဗုဒ္ဓိဋီကာ၊ သုတ်မဟာဝါ၊ ပရိနိဗ္ဗာနသုတ်၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ဇိနာလင်္ကာရဋီကာစသည့် ပိဋကတ်တော်ဆိုင်ရာ အထောက်အထားများနှင့် ညှိနှိုင်း၍ဖြေဆိုကြောင်း ပုစ္ဆာနံပါတ်(၁၆၄)တွင် ဖြေဆို၍ "တက်ထွန်းကျက်သရေ၊ သုံးလူ့ဆွေကား၊ အောင်မြေသီရိ၊ ဗောဓိသမီပ၊ ရပ်ဌာန၌၊ နှစ်လမှန်ကယ်၊ ရက်ခြောက်ဆယ်ဖြင့်၊ သပ္ပာယ်မျှတ၊ နေပြီမှလျှင်၊ ပထမဝါ၊ ဗာရာဏသီ၊ မြိုင်တောမို၏" စသည်ဖြင့် အကျယ်တဝင့် ရေးထားပေသည်။

မုံရွေးဇေတဝန်ဆရာတော်ပင်လျှင် ရေးစပ်သည်ဟု မုံရွေးဇေတဝန်ဆရာတော်၏ စာစုစာရင်းတွင် တွေ့ရသော ဝါဆိုစဉ်ဘွဲ့ ဘုရားရှိခိုးကိုလည်း တွေ့ရပေသည်။ "မိဂဒါဝေါ၊ တောရပ် ကျော်ဝယ်၊ ဝါတော်ပထမ၊ ကပ်ချဉ်းစ၏၊ ဒုတိယ တတိယာ၊ ခါစတုတ္ထ၊ ရောက်ကာလ၌၊ ရာဇဂဟော၊ တောင်ခြေဝန်းပတ်၊ မြို့မြတ်အပါး၊ ဝါးအလိမ်လိမ်၊ တိမ်ညိုကဲ့သို့၊ စို့သက်တင်ရွက်၊ မြဖူးခက်နှင့်၊ ရှဉ့်နက်တို့အား၊ ရှေးမင်းဖျားတို့၊ အစားအသောက်၊ ချီးမြှောက်တန်ကျွေး၊ ပေးရာကမ်းရာ၊ ဥယျာဉ်သာ၌၊ ရတနာစီမံ၊ ဝေဠုဝန်တွင်၊ ငါးတန်ကိစ္စ၊ နေ့ညမလပ်၊ ဝါတော်ကပ်၏။"

ဆရာတော်၏ ဝါဆိုစဉ်တွင် ဆယ်ဝါမြောက် ပလလဲတောတွင် ဝါဆိုတော်မူကြောင်းကို ... သုညာဂေ၊ ရောက်ကာလသော်၊ ဖော်ကဖဲခွာ၊ ကိုယ်ထီးသာလျှင်၊ နေရာကောင်းမည်၊ ကြံအစည်နှင့်၊ အရှည်မျှော်ထောက်၊ တစ်ယောက်ထည်းထည်း၊ ကုသိုလ်ဆည်းသည်၊ ပလလည်းမည်တွင်၊ ဆင်၏ပျော်ရာ၊ မြိုင်သာဂီရိ ရက္ခိတတော၊ မြတ်ခြေကြော၌၊ အံ့ဩလေအောင်၊ ဆောင်သည်မယွင်း၊ ပင်ရင်းပင်ဖျား၊ ဖားတဝေဝေ၊ ဝတ်မှုန်တွေနှင့်၊ ရွှေအရောင်ဝါ၊ အရိုန်ထသည်၊ ဘဒ္ဒသာလ၊ နာမသန့်ရှင်း၊ နတ်တလင်းသို့၊ အင်ကြင်းပင်သွယ်၊ တောမြိုင်လယ်မှာ၊ ညာဘယ်ဝဲယာ၊ သံဃာမရုံ၊ ကိုယ်တည်းစံ၍၊ သံတိန်တရှိန်း၊ ဝါဆိုမှိန်းသည်၊ တွက်ကိန်းဆယ့်နှစ် ရောက်ဆဲတည်း။။

**စာမျက်နှာ ၉ သို့ ☆**

☆ စာမျက်နှာ ၈ မှ

စတုတ္ထမြောက်တွေ့ရသောစာမှာ ဆရာတော်ဦးပုတ်၊ (၁၁၄၉-၁၂၀၄)ရေးဖွဲ့သော ဝါဆိုစဉ် ဖြစ်သည်။ ပါဠိ ၅-ဂါထာဖြင့် ရေးထားသည်၊ နိဿယနှင့် ပြန်ဆိုထားခြင်းဖြစ်သည်။ နိဂုံးတွင်- ...တတ္ထ တတ္ထ၊ ထိုထိုပြည်ရွာ၌ လေးဆယ့်ငါးဝါတို့ပတ်လုံး။ ဝသန္တော၊ ဝါကပ်ဆိုတော်မူလျက်။ လောကဟိတာဝဟံ၊ လူတို့၏ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးစီးပွားကို ရွက်ဆောင်တော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ ဟုရေးသားထားသည်ကို တွေ့ရှိရပါသည်။ နိဿယစာသွားတွင် ကာရန်ကိုက်အညွှန့်များမပါရှိဘဲ ရိုးရိုးပြန်ဆိုထားသည်ကိုသာ တွေ့ရပါသည်။

ပဉ္စမမြောက်တွေ့ရသောစာမှာ ဒုတိယမောင်းထောင်ဆရာတော်(၁၁၆၁-၁၂၂၇)၏ ဝါဿမာလိနီကျမ်းခေါ် ဗုဒ္ဓဝန္ဒနာမဟာပဏာမကြီး ဝါဆိုစဉ်ဘုရားရှိခိုး ပါဠိဂါထာ နိဿယပြန် စာပေဖြစ်သည်။ ဂါထာပေါင်းပုဒ်ရေ(ခြောက်ဆယ်ဆုတောင်း(နှစ်ဂါထာ)နိဂုံးဂါထာ(လေးပုဒ်) စပ်ထားလေသည်။

ဤစာအလင်္ကာကို ရေးသောကာလသည် ပုဂံမင်းနှင့် ညီတော်မင်းတုန်းမင်း၊ ကနောင်မင်းတို့ စစ်ခင်းတိုက်ခိုက်မှုကြောင့် မတ္တရာမြို့သို့ စစ်ရှောင်ရင်း အိုးထိမ်းသည် ရွာငယ်တွင် သီတင်းသုံးနေစဉ် ရေးဖွဲ့တော်မူသော စာအလင်္ကာဖြစ်ပါသည်။

ဤဝါဿမာလိနီကျမ်းကို မင်းကွန်းတိပိဋကဆရာတော်ကြီးက ထေရ်ရဝါဒလွှမ်းမိုးသော သီဟိုဠ်နိုင်ငံတွင်ပင် မတွေ့နိုင်သော ပါဠိစာပေအရေးအသားဖြစ်ကြောင်း၊ ဂါထာအရေးအသားတွင် အံ့သြဘွယ်ရာ စံတင်စရာမှုတစ်ခုဖြစ်ကြောင်းကို မိန့်ဆိုခဲ့ဖူးသည်။ ပါဠိစာအရေးအသားတွင် ဆန်းဂိုဏ်းအလင်္ကာနှင့်အညီ တနုမဇ္ဈာဂါထာ၊ ကုမာရလလိတာဂါထာ၊ စိတ္တရပဒါဂါထာ၊ မာနဝကဂါထာ၊ မတ္တာဂါထာ စသည်ဖြင့် ဂါထာအမျိုးအစားများကိုလည်း ညွှန်းထားလေသည်။

မြန်မာလို ဥပမာပေးရပါက ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ လေးဆစ်၊ သဖြန်၊ တေးထပ်၊ ရှစ်ဆယ်ပေါ် တေးထပ်၊ လူးတား၊ လွမ်းချင်း၊ အဲချင်း စသည့် ရေးဖွဲ့မှုမျိုးကဲ့သို့ ဝါဆိုစဉ်၊ (လေးဆယ့်ငါးဝါ)ကို အဆင့်ဆင့်ရေးဖွဲ့ထားလေသည်။

စာဆိုဆရာတော်၏ ဆုတောင်းနှင့်နိဂုံးသည် အလွန်ထူးခြားလှပေ၏ ကုန်းဘောင်ခေတ်နှောင်း၏ သမိုင်းအချိုးအကွေ့တစ်ခုကိုလည်း ပြထားလေသည်။ ရှေးစာဆိုတို့၏ ဆုတောင်းများသည် လေ့လာဖွယ်၊ မှတ်သားဖွယ်၊ ကျင့်သုံးဖွယ်များရှိကြရာ ဆရာတော်၏ စာသည်လည်း ထို့အတူပင် ဖြစ်ပေသည်။

ဆဋ္ဌမမြောက်တွေ့ရှိရသော ဝါဆိုစဉ်စာအလင်္ကာမှာ ကျီးသဲလေးထပ်ဆရာတော် (၁၁၇၉-၁၂၅၇)၏ ဇိနတ္ထပကာသနီကျမ်းပါသော ဝါဆိုစဉ်အကြောင်းအရာဖြစ်သည်။ အဋ္ဌကထာပါဒ်များကိုလည်း ညွှန်းဆိုထားပေသည်။ လင်္ကာမှာ တိုသလောက် အနက်အဓိပ္ပာယ်သက်ရောက်မှု ရှိလှပေသည်။ ...ဒွါတိဗယ၊ ရာဇဂဟံ၊ ဝေဠုဝန်ပျော်၊ ငါးသော်ဝေသာလီ၊ လဋ္ဌီဝိဟာ၊ ဆဝါမကုလ၊ သတ္တမဝတီသာ++++ ဤလူ့သက္ကရာဇ်၊ အင်္ဂဇောက်၌၊ နှစ်သစ်ကဆုန်၊ ပုဏ္ဏမီစွေ၊ အင်္ဂါနေ့တွင်၊ နိဗ္ဗာန်ဝင်သား+++++ အကျဉ်းချုပ်သံခိပ်အနေဖြင့် ရေးထားလေသည်။ ဘုရားရှိခိုးရုံမျှသာဖြစ်သည်။ ဆုတောင်းခြင်းမပါပေ။

သတ္တမမြောက်တွေ့ရှိရသည်မှာ တောင်ခွင်သာသနာပိုင်ဆရာတော် ဦးဝိသုဒ္ဓသီလာစာရ (၁၂၀၆-၁၂၈၇)ဖြစ်သည်။ ဆရာတော်မှာ သီပေါမင်းသား၊ ရနောင်မောင်မောင်တုတ်၊ ရစ်ပလေ (နှောင်းသော် ဟံသာဝတီပုံနှိပ်တိုက်တည်ထောင်သူ) တို့နှင့် ကျောင်းနေဖက်ဖြစ်သည်။ ဆရာတော်က အနည်းငယ်ကြီးသည်။ သက်ကြီးပိုင်းတွင် ကင်းဝန်မင်းကြီးဦးကောင်း၊ ဝက်မစွတ်နဝဒေး၊ ပုဂံဝန်ထောက်ဦးတင် စသည့်ပုဂ္ဂိုလ်များ၏အမေးကို ဖြေဆိုရာဖြစ်သော ပညာဗျာကရဏဝိနိစ္ဆယတို့ဖြင့် ထက်ဝန်းကျင်ပြည့်သော ဂူဠတ္ထဝိနိစ္ဆယကျမ်းကြီးတွင် ပါဝင်သော ဝါဆိုစဉ်အကြောင်းအရာဖြစ်သည်။ စကားပြေနှင့်ဖြေဆိုထားပြီး လင်္ကာဖြင့်ပါ ထပ်ဖြည့်ထားလေသည်။ ထိုသို့ရေးသားရာ၌ ကြိုးကြားကြိုးကြားတွင် ကာရံများကိုငဲ့၍ အချက်အလက်များကိုဖြည့်ကာ +++++ ...ဝါလေးဆယ်ငါး၊သက်ကားရှစ်ဆယ်၊ လုံးပြည့်ကယ်မူ၊ ပြဖွယ်ငါးပါး၊ ဘုရားကိစ္စ၊ ဟူသမျှကို၊ တစ်စမကြွင်း၊ ပြီးစေလျှင်းမှ၊ ကဆုန်လ၌၊ မလ္လတိုင်းပြည်၊ ပြည်ကုသိနာ၊ လက်ယာဒွါရ၊ အပထွက်၍၊ နောက်အကွေ့ဝယ်၊ ပျော်မွေ့စံရာ၊ မင်းမလ္လာတို့၊ ရိပ်သာပြန့်ပြော၊ အင်ကြင်းတော၌၊ ရမိုက်ငါးဖြာ၊ ခန္ဓာဟူသည်၊ သွားစည်အလှေ့းညစ်ကြေးမလိမ်း၊ ကင်းကွာငြိမ်း၏ဟု ဖွဲ့ဆိုထားပါသည်။

အဋ္ဌမမြောက်တွေ့ရသော ဝါဆိုစဉ်စာအလင်္ကာမှာ မြန်မာ့စာပေသမိုင်းရေးတွင် ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုညာ၊ သုဉ်းသုံးဝဖြင့် သုဉ်းနှစ်ရလစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့ တတွေသည်၊ သေသော်မှတည့်၊ ဩော်-ကောင်း၏...ဟူသော စာအလင်္ကာကို ကင်းဝန်မင်းကြီးသို့ ရေးပို့ခဲ့သော ဆီးဘန်းနီဆရာတော် ဖြစ်လေသည်။ သူ၏ ကဝိမဏ္ဍနမေဒနီကျမ်းအဖွင့်တွင် ဝန္ဒနာဂါထာဖြင့် ရေးဖွဲ့ထားလေသည်။ ဂါထာပါဒ် နိဿယအရေးဖြစ်ပေသည်။ နှစ်ဆယ့်သုံး(၂၃)ဂါထာရှိပေသည်။ နိဿယစာပိုဒ်တိုင်းတွင် အောက်ခြေမှတ်ချက်ပေး၍ ဂါထာအမျိုးအစားနှင့် ရှေးဆရာတော်ကြီးများ၏ အဆိုအမိန့်များကိုပါ ရည်ညွှန်းထားလေသည်။

နဝမမြောက်တွေ့ရသော ဝါဆိုစဉ်စာမှာ ကဗျာ့ကဝိ ကဗျာ့ဝိဒူ၊ မကာရလောပအကျော် မန်လည်ဆရာတော်ဘုရား (၁၂၀၃-၁၂၈၂)၏ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်၏ နိဂုံးပိုင်းပိုဒ်ရေ(၅၇၃)တွင် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဆရာတော်၏ ထိုဝါဆိုစဉ်အကြောင်းအရာအချက်အလက်ချိတ်ဆက်မှု ဂုဏ်၊ ရသ၊ အလင်္ကာများကို ညွှန်းဆိုနိုင်ခြင်းငှာ မစွမ်းသာပါ။ ရွှေဖလားကို အနားမကွပ်ဝံ့ဟုလည်းဆိုချင်ပါ၏။ ဤမျှ အထိကောင်းလွန်းလှပါသည်။

ဘုရားရှိခိုးမဟုတ်၍ ရှိခိုးပါ၏ဟူသော အသုံးလည်းမပါ။ ဆုတောင်းခြင်းလည်းမပါပေ။ သာသနာ့သမိုင်းစဉ်နိဒါန်းအနေနှင့် (သာသနာ့သန္တိကေနိဒါန်း)အနေနှင့်ရေးဖွဲ့ထားခြင်းဖြစ်သည်။

ဒသမမြောက်တွေ့ရသောစာပေမှာ ဘိုကလေးဦးသက်ရှည်(၁၂၃၇-၁၃၁၆)ဖြစ်သည်။ ဘိုကလေးဦးသက်ရှည်သည် လန်ဒန်အတ်၊ မဂ္ဂဇင်းအယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ လန်ဒန်အတ်ရုပ်ရှင်ဒါရိုက်တာအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံသို့ ကိုယ်တိုင်သွား၍ ဗုဒ္ဓဝါဆိုတော်မူရာ၊ နေရာဌာနအသီးသီးသို့သွားရောက်ပြီး နေရာတော်အလိုက် ဥပမာ- ဒုတိယ၊ တတိယ၊ စတုတ္ထမြောက်ဝါတို့ကို ဝေဠုဝန်ကျောင်းတော်( ၁၃ ဝါ၊ ၁၈ ဝါ၊ ၁၉ ဝါ)မြောက်တို့ကို ဇာလီယတောင်၊ ကောသမ္ဗီ၊ သိဃ်ံသနဂိုရ်၊ မကုလတောင်၊ ပလလဲတော၊ နိဂြောဓာရုံ စသည့်ဝါဆိုရာနေရာတော်များကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထိုသို့ရေးသောအခါမှာ လေးချိုး၊ တေးထပ်၊ ဧကပိုဒ်ရတု စသည်ဖြင့် ရေးသားထားလေသည်။ ထိုသို့ရေးသည့်အပြင် ရုပ်ရှင်လည်း ရိုက်ခဲ့ကြောင်း ရုပ်ရှင်မှာ "ဝါတော်စဉ်" အမည်ဖြင့် ပြသခဲ့ကြောင်း သိရှိရပါသည်။

အမည်မသိစာဆိုရေးစပ်သည့် ဘုရားကိုးဆူဆွမ်းတော်ကပ်ဝါဆိုစဉ် ဘုရားရှိခိုးအမွှမ်းကိုလည်း တွေ့ရပါသည်။ ဘုရားကိုးဆူဆွမ်းကပ်ဆို၍ ကုန်းဘောင်ခေတ်ဦးကပင် ရှိခဲ့ရာ၏ဟု သုံးသပ်နိုင်ပါသည်။ အလောင်းဘုရားဦးအောင်ဇေယျယိုးဒယားကိုအောင်နိုင်ပြီး ယိုးဒယားယဉ်ကျေးမှုများနှင့် ဆက်စပ်လာရာ ဘုရားကိုးဆူဆွမ်းကပ်ယဉ်ကျေးမှု ဖြစ်ပေါ်လာသည်။

ကုန်းဘောင်ခေတ်နှောင်းနှင့် ဗြိတိသျှခေတ်ဖြတ်သန်းခဲ့သော ဝက်မစွတ်မြို့စား၏ နေ့စဉ်မှတ်တမ်းတွင် ဘုရားကိုးဆူပွဲကျင်းပသည့် အိမ်များသို့ မကြာခဏသွားရောက်ရကြောင်းကို တွေ့ရပါသည်။

လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း မြန်ပြည်အနှံ့တွင် ဘုရားကိုးဆူ ဆွမ်းကပ်ရှိခဲ့ပေသည်။ ရှေးရုပ်ရှင်(အဖြူအမည်းရုပ်ရှင်)များတွင်လည်း ဘုရားကိုးဆူဆွမ်းကပ် မကြာခဏပါသည်ကို တွေ့ရသည်။ ထိုဘုရားကိုးဆူဆွမ်းကပ်တွင် ဘာသာရေးဆိုင်ရာ ဘုရားရှိခိုးအမွှမ်းအမျိုးမျိုးရှိပေသည်။ ထိုအထဲတွင် ဤဝါဆိုစဉ် ဘုရားရှိခိုးအမွှမ်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

ဘုရားကိုးဆူ ဆွမ်းကပ်စာတမ်းကို ကျီးသဲလေးထပ်ဆရာတော်က စတင်ရေးသားခဲ့သည်ကို တွေ့ရပေသည်။ နှောင်းသော် ဦးစိန်ဖေ၏ ဘုရားကိုးဆူ ပူဇော်နည်းစာအုပ်မှာ ထင်ရှားပေသည်။ ရှေ့သမစဉ် ဘုရားကိုးဆူဆရာကြီးများ ဖြစ်ကြသော ဣန္ဒာသယဆရာလှ၊ ဓမ္မစရိယဆရာခင်၊ ဆရာအောင်၊ မဏ္ဍလာသောင်း၊ ဣန္ဒိတံဆရာတင်၊ ဘိုကလေးဆရာလှ၊ ဆရာထွန်းတို့မှာ ထင်ရှားခဲ့ပေသည်။ ထိုဆရာတို့ထံမှ ရရှိသောစာမူဖြစ်ပါသည်။

"ညနေချမ်းအခါသာသည့် နတ်လမ်း၊ ဗောဓိပင်ရှိရာစခန်းသို့ ကြွတော်မူ၊ သောတ္တိယ ငစင်လှူသည့် မြက်ရှစ်ဆုပ်ကိုကြဲကာဖြန့်၊ တစ်ဆယ့်လေးတောင် အပြန့်ကျယ်သော အပရာဇိတပလ္လင်ဗွေ၊ ထက်ဝယ် ဖွဲ့ခွေနေတော်မူလျက်၊ ဘုရားမဖြစ်က ငါမထဟု စတုရင်္ဂဝီရိယဖြင့်၊ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်း၊ ရွှင်လန်းဖူးမြော် နတ်တို့၏အပူဇော်ကို ခံတော်မူလျက်"

စသဖြင့် ဝါဆိုတော်နေရာများကို တစ်ဝါချင်း တစ်ဝါချင်း နေရာတော်အလိုက် အမွှမ်းရေးထားလေသည်။

"ရာဇဂြိုဟ်ပြည်သို့ တဖန်ရောက်၍မကြာ၊ အနာတပိဏ်သူဌေးကြီးအား ကျောင်းဆောက်ရန် ခွင့်ပေး၊ လေးဝါကျွတ်စအခါ၊ ဝေသာလီပြည်သို့ ကိုယ်တော်တိုင်ကြွ၊ ပဉ္စမဝါဆိုခါနီးတွင်၊ ဖခင်သုဒ္ဓေါဒနမင်းကြီးကား ပရိနိဗ္ဗာန်စံ၊ ပြန်၍သဂြိုဟ်ဘိက္ခုနီမအဖြစ်ကို မိထွေးတော်ဂေါတမီ တောင်းပန်၊ အတန်အတန်မြစ်တား၊ ဂရုဓမ္မတရားရှစ်ပါးဖြင့် နောင်ဆုံးအခါခွင့်ပြု"

စသဖြင့် ဗုဒ္ဓဝင်ဖြစ်တော်စဉ်အလိုက် ကွက်ကွက်ကွင်းကွင်းမြင်အောင်ရေးထားလေသည်။

ခေတ်ဟောင်းသီချင်းတွင် မကြည်အောင်သီဆိုသည့် ဗောဓိပင်နှင့် ရွှေပုလ္လင်သီချင်းပါ စာသားများမှာ ဤဘုရားကိုးဆူအမွှမ်းပါ စာအလင်္ကာများ နည်းမှီ၍ ဆရာရွှေတိုင်ညွှန့်က တေးပြုထားသည်ကို သိနိုင်ပေသည်။

ရှေးတေးရေးဆရာကြီးများ ဂီတာဦးစိမ်းမောင်၊ သဟာယဆရာတင်၊ လှည်းတန်းဦးလူကလေး စသည့်တေးသီချင်းစာသားများသည် ဤကဲ့သို့သော စာပေများမှ မြစ်ဖျားခံလာသည်ဟု အလျဉ်းသင့်၍ ဖော်ပြလိုက်ရသည်။ ခုနှစ်သက္ကရာဇ်စဉ်ကိုမူအတိအကျမဆိုနိုင်ပေ။

အမည်မသိစာဆိုပင်လျှင် ရေးစပ်ထားသော ဝါဆိုစဉ်ဘုရားရှိခိုး တစ်ခုလည်းရှိပေသည်။ ဘုရားရှိခိုးဆိုသည်နှင့်အညီ

"ဩကာသ၊ ဩကာသ၊ ဩကာသ သုံးလူ့ထွတ်တင်၊ မြက်ရှစ်ပင်သည်၊ ချစ်ရှင်ဓမ္မရာဇ်၊ ဘုရားဖြစ်၍၊ နှစ်လေးဆယ့်ငါး၊ လူ,နတ်များကို၊ တရားမြွက်ဖော်၊ ကျွတ်တမ်းခေါ်သည်၊ ဝါတော်အစ၊ ပထမကား၊ ဓမ္မစကြာ၊ ဟောမြွက်ရာသည်၊ မိဂဒါဝုန်၊ ရဂုံထူပြော၊ သာသည့်တောဝယ်"

ဟု လေးဆယ့်နှင့်ငါးဝါတို့ ကာလပတ်လုံးကို ရေးဖွဲ့ပြီး

"တစ်နေ့မပြတ်၊ သုံးလူ့နတ်ကို၊ လေးမြတ်ရှိသေ၊ ဂါရဝေဖြင့်၊ နေလည်းဦးတင်၊ အိပ်လျှင်ရှိခိုး၊ နိုးလျှင်ဆောက်တည်၊ စိတ်ကြည်သန့်ရှင်း၊ ကိုယ်တွင်းမြဲအောင်၊ သွားတိုင်းဆောင်၍၊ နောင်နိဗ္ဗူတာ၊ ရောက်ချင်ပါသည်။ လိုရာဆန္ဒပြည့်စေသောဝ် မြတ်ရှင်စော ဩကာသ ဩကာသ ဩကာသ။" ဟု နိဂုံးချုပ်ထားလေသည်။

ယခုတင်ပြမည့် အမည်မသိစာဆိုရေးစပ်သည့် ဝါဆိုစဉ်ပျို့မှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် အမှတ်စဉ်(၆၂၄၆) (၁၃)ရွက် (၉)ကြောင်း ပေမူတစ်ခုကို တွေ့ရပါသည်။ စာရေးကူးသူမှာ မောင်လူလှဟု တွေ့ရပါသည်။ သက္ကရာဇ်-၁၂၅၇၊ ခရစ်နှစ်-၁၈၉၅ တွင်ဖြစ်သည်။ စာဆိုအမည်နှင့်ရေးဖွဲ့သောနှစ်ကိုလည်းမသိရပေ။ ရေးကူးသောနှစ်ဝန်းကျင်မှာ ဒီးဒုတ်ဦးဘချို၊ ဦးဖိုးကျား၊ ဦးစိန်တင်(သိပ္ပံမောင်ဝ) မွေးဖွားသောနှစ်များတစ်ဝိုက်ဖြစ်သည်။ မန်လည်ဆရာတော်၊ ဘိုကလေးဦးသက်ရှည်တို့ထက် နောက်ကျသည်။

... ဇေယျတု။ ။ အရဟံအစ၊ နဝဂုဏ်တော်၊ ထိန်ထိန်ကျော်သား၊ သုံးဘော်သခင်၊ မြတ်ချစ်ရှင်သည်၊ ဒီပင်္ကရာ၊ သုံးလူ့ချာ၏၊ ပါဒစက်ကွင်း၊ ခြေတော်ရင်း၌ အစချီကာ တစ်ဝါချင်း တစ်ဝါချင်းကို ဗုဒ္ဓဝင်ဖြစ်တော်စဉ်ဖြင့်ရေးဖွဲ့ထားလေသည်။ အခြားတွေ့ရှိချက်တစ်ခုမှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်-

ဝါဆိုစဉ်(၅၄၁၅)(တဗစ)၊ သကြဇ် ၁၀၀၂ ရာဥတု တခုလဆန်းနှစ်ရက် တနင်္လာနေစမ်ပေါ်တွင် ဝါဆိုဝ်စဉ် စာကိုဝ်ငင်မွံစွာ ရေးကူး၍ ပြဦ့စုမ်သည်ဩ၊ ဒိ၊ ပု။ အာ ။ (မူရင်းသတ်ပုံအရေးအတိုင်း)

ဤရေးကူးသော သက္ကရာဇ်စဉ်မှန်ပါက ဤဝါဆိုစဉ်ဝတ္ထုကြီးမှာ ရှင်သန်ကို၊ သဓမ္မာလင်္ကာရဆရာတော်၊ ဆီသည်ရွာသားဦးအောင်ကြီးတို့မတိုင်ခင်ရေးဖွဲ့ခဲ့သော ဝါဆိုစဉ်ကြီးဖြစ်ပါသည်။ ပေအင်္ဂါများပေသည်။ ဝါတော်တစ်ဝါချင်းကို အကြောင်းအရာ ပတ်ဝန်းကျင်အနေအထား ဖြစ်စဉ်တို့နှင့် ရေးဖွဲ့ထားရာ အလွန်ထူးခြားသော ဝါဆိုစဉ်စာအလင်္ကာဖြစ်ပေသည်။

အထက်ဖော်ပြပါ တွင်းသင်းတိုက်ဝန်မဟာစည်သူ စိန္တကျော်သူဦးဩတို့ မတိုင်ခင်က ရေးဖွဲ့ခဲ့ကြသည့် စာများရှိသည်ကို အထောက်အထားအရ သိရပေသည်။ ထိုဝါဆိုစဉ်နှင့်ပတ်သက်၍ အကျယ်တဝင့် သုတေသနပြုရေးကူးမည်ဖြစ်ပါသည်။

ရွှေတိဂုံပရိဝုဏ်အတွင်း ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များ (၈၅)ဖွဲ့ ရှိပေသည်။ ထိုအထဲတွင် မင်္ဂလာဗျူဟာ ပိဋကဗျူဟာအသင်းဆိုသည် ရှိပေသည်။ ပိဋကဗျူဟာအသင်းသည် (၂၄-၅-၂၀၂၅) တွင် နှစ်-၅၀ ရွှေရတုပြည့်ခဲ့ပါသည်။ ထိုအသင်းသည် ပိဋကတ်တော်ဆိုင်ရာ၊ ဗုဒ္ဓစာပေဆိုင်ရာများနှင့် ပတ်သက်၍ ရှားပါးသော တိမ်မြုပ်ပျောက်ကွယ်နေသော စာပေများကို ပုံနှိပ်ထုတ်ဝေသော အဖွဲ့အစည်းဖြစ်ပါသည်။ ရှားပါးသောစာမူများ ဤကဲ့သို့သော စာပေမျိုးကို ပို့ပေးနိုင်ပါကြောင်း၊ အကြောင်းကြားနိုင်ပါကြောင်း(ဖုန်း ၀၉-၅၀၁၀၅၀၆၊ ၀၉-၅၁၈၈၇၅၄၊ ၀၉-၅၁၂၅၉၆၄)တင်ပြအပ်ပါသည်။ စာရှုသူများ ဗုဒ္ဓဝါဆိုစဉ်နေရာတော်ကို အာရုံပြုကာသိုလ်ယူ၍ အိုးအိမ်နေရာမှသည် ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ်၊ နိုင်ငံအထိ ငြိမ်းချမ်းမှုဖြစ်ပါစေကြောင်း ဆုတောင်းနိဂုံးကို ဒုတိယမောင်းထောင်သာသနာပိုင်၏ ဝါဆိုစဉ် ကျမ်းပြီးဆုတောင်းအတိုင်း တင်ပြနိဂုံးချုပ်အပ်ပါသည်။

**ဣမိနာ ပုညကမ္မေန၊ ဤကောင်းမှုကံကြောင့်။ ပရံ၊ လွန်မင်းစွာ။ အရိ၊ ယခုဖြစ်သော ရန်စစ်ကြီးသည်။ ဝတ၊ စင်စစ်။ ပေမံ၊ အချင်းချင်း ချစ်မြတ်နိုးကြသည်။ ဟုတွာ၊ ဖြစ်၍ သိဋ္ဌုတု၊ မပင်မပန်း ငြိမ်းချမ်းသာယာ မေတ္တာသက်ဝင်၍ အောင်မြင်ပြီးစီးစေသတည်း။ သုဒေဝေါ၊ သမ္မာဒေဝနတ်သည်။ ရက္ခတု၊ ရင်ဝယ်သားကဲ့သို့ သနားစုံမက် နှစ်သက်ကြည်စွာ စောင့်ပါစေသတည်း။ ဥဒ၊ ထိုမြို့။ တော်ဇိနဝစနံ၊ ဤမြတ်ဘုရားသာသနာတော်သည်။ ဝမုတု၊ စည်ပင်ပြန့်ပွား များစေသတည်း။ နိဋ္ဌိတံ၊ ဝါသမာလိနီမည်သော ထောမနာဝန္ဒနာ အပြီးသို့ရောက်၏။ ။**

# မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၌ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများလောင်းလှူပူဇော် စေတီတော်မြတ်ကြီး၏ အနောက်ဘက်အရပ်ရှိ အာရုံခံတန်ဆောင်းရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲကျင်းပ



ပုသိမ် ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် မဟာမကုဋရုံသီဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးရင်ပြင်တော်တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တပညာဇောတ သာသနဓဇဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ပရိတ်တရားနာယူခြင်းနှင့် ဆရာတော် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများလောင်းလှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ပွဲအား ကျင်းပရာ သဲဖြူနှင့် မဟာမြိုင်တောရဆရာတော်ကြီးအမှူးပြုသော မြတ်မော်တင်တောင်ခြေနှင့် အနီးဝန်းကျင်ကျေးရွာများတွင် သီတင်းသုံးတော်မူကြသည့် ရဟန်း၊ သာမဏေအပါး ၂၀၀ အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက ဆွမ်း၊ လှူဖွယ်ပစ္စည်းများနှင့်ဝတ္ထုငွေများ လောင်းလှူပူဇော်ကြသည်။

ဆက်လက်၍ သဲဖြူနှင့်မဟာမြိုင်တောရဆရာတော်ကြီး အမှူးပြု၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တပည့်ဒါယကာ ဒါယိကာမများ စုပေါင်းလှူဒါန်းသော မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ အနောက်ဘက်အရပ်ရှိ အာရုံခံတန်ဆောင်း ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ကျင်းပရာ သဲဖြူနှင့် မဟာမြိုင်တောရဆရာတော်ကြီး ဦးဆောင်တော်မူကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးအမှူးပြုသော ပရိသတ်အပေါင်းတို့က "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ "ရတနာအုတ်မြစ်တော်စီမဟာမင်္ဂလာအခမ်းအနား" ကို ဖွင့်လှစ်ပေးခဲ့ကြပြီး သဲဖြူနှင့်မဟာမြိုင်တောရဓမ္မရိပ်သာဆရာတော်ကြီးက ပတ္တမြားရတနာအုတ်မြစ်တော်တွင်လည်းကောင်း၊ မြတ်မော်တင်ဆရာတော်က သန္တာရတနာအုတ်မြစ်တော်တွင်လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက စိန်ရတနာအုတ်မြစ်တော်တွင်လည်းကောင်း၊ ပမ္ပဝတီရေတပ်စခန်းဌာနချုပ်မှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များက ရတနာအုတ်မြစ်တော်အသီးသီးတွင်လည်းကောင်း ချီးမြှင့်စီတင်ပေးခဲ့ကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို အောင်မြင်စွာကျင်းပခဲ့သည်။

မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တိုးချဲ့ခြင်း၊ အနောက်ဘက်အာရုံခံတန်ဆောင်း၊ သာသနဝ္ဗိမာန်တော်ကြီး၊ အများသုံးသန့်စင်ခန်း၊ ရေချိုးခန်း၊ မျက်နှာသစ်ဆောင်၊ နားနေဆောင်များအတွက်သဲဖြူနှင့်မဟာမြိုင်တောရဆရာတော်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော စေတနာရှင် အလှူရှင်များ၊ ဌာနဆိုင်ရာများက စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ပုသိမ်မြို့၏ ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြား

ပုသိမ် ဇူလိုင် ၉

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့် အညီ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ဥပုသ်သီလဆောက်တည်သူများ၊ ဝတ်ရွတ်အဖွဲ့များ၊ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)၌ ရွှေမုဋ္ဌောမဟာစေတီတော်ကြီးအပါအဝင် ပုသိမ်မြို့ပေါ်ရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဥပုသ်သီလခံယူဆောက်တည်သူများ၊ ကုသိုလ်ဒါနပြုသူများဖြင့် စည်ကားများပြားခဲ့သကဲ့သို့ ပုသိမ်တံတား၊ ရေပေါ်ဈေး၊ ကမ်းနားလမ်းရှုခင်းသာရင်ပြင်၊ ကန်သုံးဆင့် အပန်းဖြေဥယျာဉ် အစရှိသည့်နေရာများတွင်လည်း အနားယူအပန်းဖြေသူများ၊ လာရောက်လည်ပတ်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

လှမင်းထွဋ်(ပြန်/ဆက်)

## ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီး၌ ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားများပြား

ကျိုက်မရော ဇူလိုင် ၉

မွန်ပြည်နယ် ကျိုက်မရောမြို့ရှိ သမိုင်းဝင်တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သော ဆုတောင်းပြည့်ဘုရားကြီး၌ ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီး ကျောင်းများ၌လည်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းသူများ၊ ဥပုသ်သီလ



ဆောက်တည်ကြသူများ၊ စတုဒိသာ ကျွေးမွေးသူများ၊ လူကြီးသူမ ဆရာသမား၊ ဘိုးဘွားများအား ကန်တော့ကြသူများဖြင့် စည်ကားသာယာလျက်ရှိကြောင်း သိရသည်။

### စည်ကားလျက်ရှိ

ဆုတောင်းပြည့် ဘုရားကြီး၌ ညနေ ၄ နာရီမှစတင်၍လည်း ပရိတ်တရား ရွတ်ဖတ်ပူဇော်သူများ၊ ဓမ္မစကြာရွတ်ဖတ်ပူဇော်သူအဖွဲ့များဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မိချို(ပြန်/ဆက်)



## ကျိုက်လတ်မြို့နယ် တိလောကမာရဇိန်မြတ်စွာဘုရားကြီး၌ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိ

ကျိုက်လတ် ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ်(၃)ရပ်ကွက်(၇)ဖြတ်လမ်းရှိ တိလောကမာရဇိန်မြတ်စွာဘုရားကြီး၌ ဝါဆိုလပြည့်(ဓမ္မစကြာနေ့)တွင် ဘုရားဖူးလာရောက်သူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိသည်။

ကျိုက်လတ်မြို့နယ်အတွင်းရှိ ဘုရား၊ စေတီပုထိုးများတွင် ဝါဆိုလပြည့်(ဓမ္မစကြာနေ့)၌ ဆီမီး၊ ရေချမ်း၊ ဘုရားပန်း၊ အမွှေးတိုင် ဆက်ကပ်လှူဒါန်းပြီး စေတနာရှင်များစုပေါင်း၍ စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းခဲ့ရာ အများပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

လှိုင်မင်းအောင်

## သမဝါယမအသင်းသားများအား မျိုးစေ့ချစက်ထောက်ပံ့

တောင်ကြီး ဇူလိုင် ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ စီမံကိန်းစပါးများ စိုက်ပျိုးလျက်ရှိသည့် ပုလဲရတနာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူများအား မျိုးစေ့ချစက်များကို မြို့နယ်အစီအစဉ်ဖြင့် ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

### ထောက်ပံ့ပေးအပ်

ထို့ပြင် မြို့နယ်သမဝါယမအသင်းစုပိုင် ငါးမွေးမြူရေးကန်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် ငါးသားပေါက်ကောင်ရေ ၈၁၀၀ နှင့် အသင်းစုမှ ငါးသားပေါက်ကောင်ရေ ၉၉၀၀ ကို ထည့်သွင်းမွေးမြူခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အိန္ဒိယလေကြောင်း AI 171 လေယာဉ် ပျက်ကျရခြင်း ဗဟုသုတနှင့် ခရီးသည်တို့၏ ကံကြမ္မာ

ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)



(ယမန်နေ့မှ အဆက်)

**သိသလောက် မြင်သလောက်...**

အိန္ဒိယလေကြောင်း AI 171 လေယာဉ်ပျက်ကျသည်နှင့် မရှေးမနှောင်းတွင် သာမန်လူတို့က လေယာဉ်မောင်းသူအနေဖြင့် ပျံသန်းမှုမကျွမ်းကျင်သူများကဲ့သို့ ဂီယာထိုးမှားခြင်းလော၊ ဂျက်အင်ဂျင်စက်အတွင်းသို့ ငှက်အုပ်ဝင်သလော၊ လေယာဉ်ဆီမသန့်သလော စသဖြင့် သိသလောက်၊ မြင်သလောက် လိုင်းပေါ်တက် အလွယ်တကူဝေဖန်၊ လက်လွတ်စပယ်အသံလွှင့်လေတော့သည်။ ကပ္ပတိန် Sumeet Sabharwal က ကျွမ်းကျင်ပျံသန်း နာရီ ၈၂၀၀ ရှိသူဖြစ်ပြီး Clive Kunder ကလည်း ကျွမ်းကျင်ပျံသန်း နာရီ ၁၁၀၀ ထိရှိသူဖြစ်ပါသည်။

တောင်ပံရှိ Flap (a movable section of an air craft wing, used to control upward movement) အနေအထားမှားနေပြီလောဆိုသည့် အချက်သည် မြင့်မားသောသုံးသပ်ချက်ဖြစ်သည်ကို တွေ့ရသည်။ NO THRUST... GOING DOWN ဆိုသည့်အတွက် Flap အနေအထားကို ထောက်ပြကြခြင်းဖြစ်သည်။ သို့သော် ဤမှုမှားယွင်းရုံဖြင့် လေယာဉ်ပျက်ကျစရာ အကြောင်းခိုင်လုံမှုမရှိနိုင်၊ ထို့ကြောင့် အထောက်အထားများ ရှာဖွေရာတွင် ကျောင်းသားတစ်ဦးက လက်ကိုင်ဖုန်းဖြင့် မြေပြင်မှ ရိုက်ထားသော ဗီဒီယိုမှတ်တမ်းမှ အထောက်အထား တစ်ခုတွေ့ရကြောင်း ကျွမ်းကျင်သူက ဤသို့ရှင်းပြသည်။

**အကြောင်းစုံ ဗဟုသုတ**

**"လေယာဉ်တောင်ပံတစ်ဖက်မှ RAT (Ram Air Turbine) ဆိုသည့်စက်ကို မြင်ရကြောင်း၊ ဂျက်အင်ဂျင် စက်ချို့ယွင်းသည်နှင့်တစ်ပြိုင်နက် RAT သည် အလိုအလျောက်ကျလာကြောင်း၊ လျှပ်စစ်ဓာတ်ထုတ်ပေးနိုင်ကြောင်းကို သိရသည်။ ထို့ကြောင့် RAT ကျလာခြင်းသည် အင်ဂျင်နှစ်လုံးစလုံး အလုပ်မလုပ်"** ဟူ၍ သဲလွန်စကို ရလိုက်သည်။

သေကံမရောက် သက်မပျောက်သည့် Ramesh ကလည်း လေယာဉ်ပျက်မကျမီအသံကြီးတစ်ခု ကြားလိုက်ရကြောင်း၊ ဖျတ်ခနဲ မီးလင်းလာသည်ကို သတိထားမိကြောင်း ပြောဆိုချက်အရ အင်ဂျင်နှစ်လုံးစလုံး စက်ချို့ယွင်းခြင်းကြောင့် RAT ကျလာရာ အသံကြီးထွက်လာကြောင်း၊ RAT အလုပ်လုပ်သဖြင့် လျှပ်စစ်ရကာ မီးလင်းလာခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူကရှင်းပြမှ အတော်ရှင်းသွားသည်။

RAT သည် Mouse မဟုတ်ကြောင်း ဖတ်လိုက်ရသည့်အခါ ရယ်စရာဖြစ်ရသည်။ နည်းပညာအသစ်အဆန်းတို့ကို အမည်ပေးရာတွင် လူအများယဉ်ပါးနေသည်တို့နှင့် ပေးလိုက်ခြင်းဖြစ်သည်။ RAT သည် Mouse မဟုတ်၊ ကြွက်မဟုတ်၊ စက်ဖြစ်သည်။




(RAT) RAM AIR TURBINE

- လေ့လာမှုအရ သိရှိရသည်မှာ- Boeing 787-8 Dreamliner လေယာဉ်များသည် အင်ဂျင်နှစ်လုံးတပ် (Ligh-bypass General Electric G Enx-1B 70 turbofan) ထားသည့် အားကောင်းသောလေယာဉ်ဖြစ်သည်။ 72300 Lb ရှိ ဝန်ကို မချီသယ်ယူ၍ ပျံသန်းနိုင်သည်။
- လေယာဉ်အစိတ်အပိုင်းပေါင်း နှစ်သောင်းကျော်ဖြင့် တည်ဆောက်ထားသည့် လေယာဉ်စက်ပန်ကာများကို ကာဗွန်ဖိုက်ဗာ (Carbon fiber) ကွန်ပိုစစ် (Composite) ဖြင့် ပြုလုပ်ထားသည်။ တိုက်တေနီယမ် ကွန်ပရက်ဆာများနှင့် ခေတ်မီဆီရက်မစ်အလွှာများ (Advanced ceramic layer) ဖြင့် သုတ်လိမ်းထားသည်။
- လေယာဉ်၏ အရှိအလေးချိန်မှာ – 229500 lbs. (104099 Kg) ဖြစ်သည်။ ဝန်ချီပမာဏအများဆုံး (502500 lbs. (227930 Kg) ကို သယ်ဆောင်ပျံသန်းနိုင်သောလေယာဉ်ဖြစ်သည်။

Flight Radar 24 က ပြသချက်များကို အချိန်နှင့်တစ်ပြေးညီကြည့်လျှင် AI -171 လေယာဉ်သည် –

- 1:34 pm ATS မှ လမ်းရှင်းကြောင်း အချက်ပြ၍ ပြေးလမ်း 28 ပေါ်၌ တန်းစီပြီး စတင်ပျံသန်းရန် ဆောင်ရွက်သည်။
- 1:38.24 pm လေယာဉ်မှူးတို့က ကြိုတင်စစ်ဆေးခြင်း နောက်ဆုံးအဆင့်ပြီးဆုံး၍ Dreamliner သည် ပြေးလမ်းပေါ်တွင် စတင်ပြေးသည်။
- 1:38.40 pm ပြေးလမ်းမှပျံတက်ပြီး စက္ကန့်ပိုင်းအတွင်း MAY DAY DISTRESS Call ပြုလုပ်ခဲ့သည်။ Full emergency အဖြစ်သတင်းပို့ခဲ့သည်။
- 1:38.55 pm လေယာဉ်သည် အလျင်မြန်ဆုံး(174 knots) ဖြင့် အမြင့်ဆုံး ၆၂၅ ပေအထိ ပျံတက်နိုင်ခဲ့ပြီး ၄၂၅ ပေအထိ လျင်မြန်စွာကျဆင်းခဲ့ကြောင်း Flight Radar 24 က ပြသည်။
- 1:38. 55 pm လေယာဉ်သည် ဝေဟင်၌ ပေါက်ကွဲခြင်းမဟုတ်၊ ဆေးကျောင်းဆောင်ပေါ်သို့ကျကာ ပျက်စီး၊ မီးဟုန်းဟုန်းတောက်ပေါက်ကွဲခြင်းဖြစ်သည်။

လေယာဉ်မပျက်ကျမီ စက္ကန့်ပိုင်းအလိုက် သိရသည့် AI 171 ၏ နောက်ဆုံးအခြေအနေများမှာ...

- ✓ (၁၂) စက္ကန့်အကြာ အမြင့်ပေ ၂၁၃ ပေအရောက် ကပ္ပတိန်၏ ထိုင်ခုံအခြေအနေ ဆိုးပုံ ပေါ်ပါသည်။
- ✓ (၁၅) စက္ကန့်မှာ လေယာဉ်သည် တက်အားမရှိဖြစ်သဖြင့် ကွန်ဒါက "No Thrust"
- ✓ (၁၈) စက္ကန့်တွင် ကပ္ပတိန်၏ "MY SEAT" ဆိုသည့်အသံကို CVR က မသဲမကွဲ အသံကြားရသည်ဟု ဆိုပါသည်။
- ✓ (၂၆) စက္ကန့်အကြာတွင် ကွန်ဒါက အစွမ်းကုန် ကြိုးစားသော်လည်း လေယာဉ်သည် မတက်နိုင်သည့်အပြင် အရှိန်ဖြင့်အောက်သို့ လျင်မြန်စွာ ကျဆင်းခဲ့သည်။
- ✓ (၃၀) စက္ကန့်အကြာတွင် ဆေးကျောင်းဆောင်ပေါ်ကျ၊ ပျက်စီးမီးလောင်သွားသည်ဟု ကျွမ်းကျင်သူက မှတ်ချက်ပြုသည်ကို တွေ့ရပါသည်။




ဤ Radar 24 မှတ်တမ်းအရ အကဲခတ်ရသည်မှာ လေယာဉ်သည် အမြင့်ဆုံးပေ ၆၂၅ ပေအထိ ထိုးတက်ပျံသန်းနိုင်ခဲ့သော်လည်း လေယာဉ်ဆီပြတ်လပ် (Starvation) ကာ ၄၂၅ ပေသို့ လျင်မြန်စွာကျဆင်းခဲ့ပြီး ဆေးကျောင်းဆောင်ပေါ် ကျရောက်ပျက်စီးကာ တန်လေးဆယ်ရှိ လေယာဉ်ဆီမီးလောင်ပေါက်ကွဲခြင်းဟု ကျွမ်းကျင်သူများက ရှင်းပြသည်။ အကယ်၍ ဤလေယာဉ်သည် လူထူထပ်သည့် မြို့တွင်းသို့ကျ၍ ပေါက်ကွဲခဲ့သည်ရှိသော် မြေပြင်မှ လူပေါင်းရာချီပြီး အသက်ဆုံးရှုံးဖွယ်ရှိကြောင်း သိရသည်။

အိန္ဒိယလူမျိုး ၁၆၉ ဦးကတော့ လေယာဉ်ပျက်ကြသည့် အဖြစ်ဆိုးထဲပါသွားကြသည်။ သူတို့သည် ကိုယ့်ရပ်၊ ကိုယ့်ဒေသ၊ ကိုယ့်ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းကြသူများ၊ သားသမီးနောင်ရေးတွေးပြီး တိုင်းတစ်ပါးသို့သွား၍ ကိုယ်ကျွမ်းကျင်မှုပညာများကို မြင့်သည်ထက်မြင့်အောင် ကြိုးစားအားထုတ်၊ သမ္မာအာဇီဝအလုပ်ကို ပြုလုပ်ကြသူများဖြစ်ကြောင်း တွေ့ရပါသည်။

သာမန်သူများဖြစ်သည်ဆိုဦး။ နိုင်ငံရပ်ခြားသို့ သွားနိုင်သူများ၊ လူကုံထံများလည်း ပါလိမ့်မည်ဆိုသည်ကို အကဲခတ်နိုင်ပါသည်။ အွန်လိုင်းပေါ်တွင် လေယာဉ်ပျက်ကျမှုနှင့်စပ်လျဉ်းပြီး ဝေဖန်သုံးသပ်မှုများသည်လည်း အဆင့်မြင့်သည့်အပြင် လူ့ယဉ်ကျေးမှုမြင့်မားသော အသိုက်အဝန်းကများကြောင်း တွေ့ရပါသည်။ အင်္ဂလန်၊ လန်ဒန်၊ လိုက်ဆက်စကာ (Leicester)၊ မစ်ဒယ်ဆက်(Middlesex) ကဲ့သို့သော ကျောင်းများတွင် ပညာသင်နိုင်ကြသူများဆိုသည်ကိုလည်း တွေ့ရပါသည်။ ကလေးများသည်လည်း KG မူကြိုတက်မည့်သူများဖြစ်သည်။ အိန္ဒိယလူမျိုးများသည် ကျွမ်းကျင်မှုအဆင့်မြင့်မြင့်ရှိသော အလုပ်အကိုင်များ၌ ဝင်ရောက်လုပ်ကိုင်မည့်သူများဖြစ်သည်။

ကိုယ့်နိုင်ငံကိုယ်စွန့်ခွာပြီး အလုပ်ကြမ်းလုပ်ရန် ယူကေကိုသွားကြသူက နည်းပါသည်။ ၁၉၇၀ ပြည့်နှစ်များလောက်က အိန္ဒိယလူမျိုးများသည် ယူကေ၌ အိမ်ပိုင်ဖြစ်ပြီး ဝေးရပ်မြေမှ ကောလိပ်ကျောင်းသားများအား အိမ်ငှားစားသည်ကိုလည်း တွေ့ခဲ့ရပါသည်။ အိန္ဒိယဆရာဝန်များက အင်္ဂလိပ်ဆရာဝန်များနှင့် အပြိုင်အလုပ်လုပ်ခဲ့ကြသည်ကို တွေ့မြင်ခဲ့ရပါသည်။

စာမျက်နှာ ၁၂ သို့

❝သေကံမရောက် သက်မပျောက်သည့် Ramesh ကလည်း လေယာဉ်ပျက်မကျမီအသံကြီးတစ်ခု ကြားလိုက်ရကြောင်း၊ ဖျတ်ခနဲ မီးလင်းလာသည်ကို သတိထားမိကြောင်း ပြောဆိုချက်အရ အင်ဂျင်နှစ်လုံးစလုံး စက်ချို့ယွင်းခြင်းကြောင့် RAT ကျလာရာ အသံကြီးထွက်လာကြောင်း၊ RAT အလုပ်လုပ်သဖြင့် လျှပ်စစ်ရကာ မီးလင်းလာခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူကရှင်းပြ❞









ကြေးမုံ ဇူလိုင် ၁၀၊ ၂၀၂၅

# ဒုတိယဝန်ကြီး ဦးအေးကျော် ပဲခူးတိုင်းဒေသကြီး(အရှေ့)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး (အရှေ့) တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏအပေါ် ဓာတ်အားခ စိစစ်ကောက်ခံနိုင်ရေး၊ ဓာတ်အားခကြွေးကျန်များ စဉ်ဆက်မပြတ်ကောက်ခံနိုင်ရေး၊ မီတာများတပ်ဆင်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံချက်ဖြင့် လျင်မြန်စွာ တပ်ဆင်နိုင်ရေး ဆောင်ရွက်ပေးရေး၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် Safety Tools Equipment များ စနစ်တကျအသုံးပြု၍ လုပ်ဆောင်ရေး မှာကြားပြီး ပဲခူးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းနှင့် ရွှေစွမ်းအင်ကုမ္ပဏီတို့မှ ဓာတ်အားခများ စနစ်တကျကောက်ခံနိုင်ရန် လယ်ဂျာများ စာရင်းသွင်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရန်ကုန်မြို့သည် စီးပွားရေးမြို့နှင့် စက်မှုဇုန်လုပ်ငန်းများများစွာရှိနေပြီး လူနေထူထပ်သည့်မြို့ဖြစ်သည့်အတွက် ဓာတ်အားဖြန့်ဖြူးပေးနေမှုများ ဆောင်ရွက်ရာတွင် ဗို့အားပြည့်ဝတည်ငြိမ်စွာဖြင့် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ တရားမဝင် ဓာတ်အားသုံးစွဲမှုများကို အဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးရာတွင် စစ်ဆေးမှုများကို လျှပ်စစ်ပုံစံများ အထောက်အထားပြုဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်တွင် SCADA System ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း AMI Meter များရှိ System Data များထံမှ လက်ခံရရှိသော ဓာတ်အားသုံးစွဲနေမှုများကို စနစ်တကျ ထိန်းချုပ်ကြပ်မတ်နေမှု၊ AMI Control Center တွင် တရားမဝင် ဓာတ်အားသုံးစွဲနေမှုများ စစ်ဆေး ဖော်ထုတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်တထောင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးအတွင်းရှိ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ၊ 11/6.6 ကေဗွီ သော်မဆင် Indoor ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် ဓာတ်အားခယူနစ်များ လယ်ဂျာများရေးသွင်းမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ❛ကပ္ပတိန်၏ ထိုင်ခုံချို့ယွင်းချက်ကြောင့်လား၊ လေယာဉ်ဆင်းဂီယာကြောင့်လား၊ Flaps သည် ပုံမမှန်အနေအထားကြောင့်လား၊ လျှပ်စစ်လိုင်းများ ချို့ယွင်းချက်ကြောင့်လား၊ လေယာဉ်ဆီမသန့်လို့လား၊ ကပ္ပတိန်တို့ကြောင့်လား၊ ပြုပြင်ထိန်းသိမ်းမှုအားနည်းမှုကြောင့်လား၊ အကြောင်းရင်းအဖုံဖုံကြောင့် မတက်နိုင်တော့ခြင်း၊ ပျက်ကျရခြင်း၊ လေယာဉ်ပျံတက်နိုင်ခြင်း အကြောင်းစုံဗဟုသုတများကိုရလိုက်❜

❂ စာမျက်နှာ ၁၁ မှ

**ဖြစ်နိုင်ခြေသီအိုရီ**

ယခုအချိန်အထိ AI 171 လေယာဉ်ပျက်ကျမှုနှင့် စပ်လျဉ်း၍ ခန့်မှန်းရမ်းရော်တွေးဆမှုနှင့် သီအိုရီဖြစ်နိုင်ခြေတို့ဖြင့် အပြစ်တင်စောနေကြသည်ကို လူမှုကွန်ရက်တွင် တွေ့ရပါသည်။ ကျွမ်းကျင်သူတို့၏ သုံးသပ်ချက်များမဟုတ်သေးသည်ကို သတိမူရပေမည်။ ယခင်လေယာဉ်မှူးဟောင်း အာဆန်ခါလဒ် (Elvson Khalid) က ပေ ၆၀၀ မှာ အဘယ်ကြောင့် လေယာဉ်ဆင်းဂီယာသည် အောက်သို့ထားရသနည်း။ အင်ဂျင်စက်ချို့ယွင်းမှုရှိခဲ့လျှင် စောစီးစွာသိနိုင်ရမည်။ သိနိုင်သည်ဆိုဦး၊ အသိနောက်ကျသည်လည်းဖြစ်နိုင်သည်။

ဇွန်လ ၁၃ ရက်နေ့တွင် FDR (Flight Data Recorder) ကိုလည်းကောင်း၊ ဇွန်လ ၁၆ ရက်နေ့တွင် CVR (Cockpit Voice Recorder) ကိုလည်းကောင်း၊ လေယာဉ်ပျက်ကျရာနေရာများအတွင်းမှ တွေ့ရှိခဲ့ရာအဆိုပါရီကော်ဒါများသည် ဆက်သွယ်မှုစကားများ၊ သတိပေးအသံများ (Alarm)၊ အရေးပေါ်ခေါ်ဆိုမှုများ၊ ကပ္ပတိန်အချင်းချင်းစကားပြောဆိုမှု အသံမှန်သမျှတို့ကို အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းတင် အသံဖမ်းနိုင်သည့် ကိရိယာများဖြစ်ပါသည်။




လေယာဉ်ပြေးလမ်းမှတက်ပြီး ၁၂ စက္ကန့်အကြာတွင် ကပ္ပတိန်က "My seat" ဟု မသဲမကွဲ အသံကိုလည်း ဖမ်းယူထားသည်ဟု ဆိုပါသည်။ ကပ္ပတိန်၏ ကိုယ်အလေးချိန်ကြောင့်လား၊ ထိုင်ခုံသည် လီဗာကို ချုပ်ထားသလိုကြောင့်လား၊ လေယာဉ်သည် မတက်နိုင်ဘဲ ပျံသန်းချိန် ၂၆ စက္ကန့်အကြာတွင် အင်ဂျင်စက်သို့ ဆီမရောက်တော့သဖြင့် အင်ဂျင်စက်နှစ်လုံးစလုံး အလုပ်မလုပ်ခြင်းဖြစ်သည်ဟု ဆိုပါသည်။




ကပ္ပတိန်၏ ထိုင်ခုံချို့ယွင်းချက်ကြောင့်လား၊ လေယာဉ်ဆင်းဂီယာကြောင့်လား၊ Flaps သည် ပုံမမှန်အနေအထားကြောင့်လား၊ လျှပ်စစ်လိုင်းများ ချို့ယွင်းချက်ကြောင့်လား၊ လေယာဉ်ဆီမသန့်လို့လား၊ ကပ္ပတိန်တို့ကြောင့်လား၊ ပြုပြင်ထိန်းသိမ်းမှုအားနည်းမှုကြောင့်လား၊ အကြောင်းရင်းအဖုံဖုံကြောင့် မတက်နိုင်တော့ခြင်း၊ ပျက်ကျရခြင်း၊ လေယာဉ်ပျံတက်နိုင်ခြင်း အကြောင်းစုံဗဟုသုတများကို ရလိုက်ပါသည်။

အင်ဂျင်နှစ်လုံးစလုံး စက်ရပ်သွားရသည်ဆိုသည်မှာ အလွန့်အလွန် ဖြစ်တောင့်ဖြစ်ခဲကိစ္စဖြစ်သည်ဟုဆိုပါသည်။ လီဗာ Lock ကျသွားသည့်အတွက်ကြောင့် အင်ဂျင်စက်သို့ ဆီမရောက်၊ ပါဝါမရ၊ လေယာဉ်က အပေါ်သို့ မည်သို့မျှမတက်နိုင်တော့ဘဲ JB Medical College ကျောင်းဆောင်ပေါ်သို့ကျပြီး ပျက်စီး၊ မီးဟုန်းဟုန်းတောက်လောင်သွားခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူများက အသေးစိတ်နီးပါး ရှင်းပြသည်ကိုလည်း ဖတ်ရပါသည်။

လေကြောင်းကျွမ်းကျင်သူများ (Aviation Experts) နှင့် နိုင်ငံပေါင်းစုံပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် ဘက်ပေါင်းစုံလေ့လာစူးစမ်းဆန်းစစ်ကြပေလိမ့်မည်။ အစဉ်အလာအတိုင်း Black boxes များ၏ အချက်အလက် DATA များကို အခြေခံမည်၊ လေယာဉ်၏ ကိရိယာမှန်သမျှကို စစ်ဆေးမည်၊ ပျက်ကျပျက်စီးသည့်အပိုင်းအစများမှ သဲလွန်စများကို ရှာဖွေလိမ့်မည်။ လေယာဉ်မှူးတို့၏ နောက်ဆုံးအဆင့် ဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးမည်။ လေယာဉ်ဆီဖြည့်သည်မှအစ၊ မြေပြင်မှ လေကြောင်းဆိုင်ရာ ဝန်ဆောင်မှုမှတ်တမ်းများ၊ လေယာဉ်ပြင်ဆင်ထိန်းသိမ်းမှုမှတ်တမ်းများကို စစ်ဆေးကြလိမ့်မည်။ အဖြစ်မှန်သိရှိရန် သုံးလမှ တစ်နှစ်ခန့်ကြာမည်ဟု ကျွမ်းကျင်သူတို့ကဆိုထားရာ လက်တွေ့ကျသည့် တွေ့ရှိချက်နှင့် သုံးသပ်ချက်တို့ကို ကျွန်ုပ်တို့လူထုပရိသတ်ကြီးက စိတ်ရှည်သည်းခံ စောင့်မျှော်ကြရန်သာရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

---

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ယာယီအပစ်အခတ်ရပ်စဲရေးရရှိပါက ထာဝရအပစ်အခတ်ရပ်စဲရေးအတွက်ဆောင်ရွက်မည်ဟု အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ပြောကြား



ဂျေရုဆလင် ဇူလိုင် ၉

အစ္စရေးနှင့် ဟားမတ်စ်အကြား ဂါဇာဒေသတွင် ယာယီအပစ်အခတ်ရပ်စဲရေးရရှိပါက အစ္စရေးက ထာဝရအပစ်အခတ်ရပ်စဲရေးအတွက် ဆောင်ရွက်မည်ဟု အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒွန်ဆားက ဇူလိုင် ၉ ရက်တွင် ပြောကြားသည်။

ပြောကြား

စလိုဗက်ကီးယားနိုင်ငံမြို့တော် ဗရက်တစ်လာဗာတွင် စလိုဗက်ကီးယားနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲကျင်းပစဉ် ဂီဒွန်ဆားက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

ဓားစာခံများလွတ်မြောက်ရေးနှင့် ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးရရှိရေးဆောင်ရွက်ရန် အစ္စရေးက စိတ်အားထက်သန်နေသည်ဟု ၎င်းက ပြောကြားသည်။ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် အမေရိကန်သမ္မတ ထရမ့်တို့အကြား ဝါရှင်တန်တွင် အစည်းအဝေးများကျင်းပပြီး အစ္စရေးနိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အစ္စရေးကိုယ်စားလှယ်အဖွဲ့သည် ဟားမတ်စ်အဖွဲ့နှင့် ရက် ၆၀ ကြာ အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန် ဆွေးနွေးနေသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံကြား အကောက်ခွန်ကောက်ခံမှုဆိုင်ရာဆွေးနွေးပွဲ ဩဂုတ်လတွင် စတင်မည်



ဝါရှင်တန် ဇူလိုင် ၉

အမေရိကန်နှင့်တရုတ် နှစ်နိုင်ငံကြား အကောက်ခွန် ကောက်ခံမှုဆိုင်ရာ ဆွေးနွေးပွဲကို ဩဂုတ်လ အစောပိုင်းတွင် စတင်မည်ဖြစ်ကြောင်း အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဟိုဝါ့ဒ်လော့နစ်ခ်က ပြောကြားသည်။

၎င်းအပါအဝင် အခြားသော အမေရိကန် ထိပ်တန်းကုန်သွယ်ရေး အရာရှိများသည် ဩဂုတ်လအစောပိုင်းတွင် တရုတ်စေ့စပ်ညှိနှိုင်းသူများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ပြောကြားသည်။

နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန် အဆိုပါဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့်ရလဒ်သည် အဓိကကျကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သုံးသပ်ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်နှင့် ကုန်သွယ်ရေးကိုယ်စားလှယ် ဂျမီဆန်ဂရီးရာတို့လည်း တက်ရောက်မည်ဖြစ်သည်။

ဒေါ်နယ်ထရမ့်အစိုးရသည် ယခုနှစ်အစောပိုင်းတွင် တရုတ်နိုင်ငံအပေါ် အခွန်စည်းကြပ်မှုစတင်ခဲ့သည်။ နှစ်နိုင်ငံအနေဖြင့် ကုန်ပစ္စည်းများအပေါ် အကောက်ခွန် ၁၀၀ ရာခိုင်နှုန်းကျော် အပြန်အလှန်ကောက်ခံခဲ့သည်။

သို့သော် မေလတွင် အခွန်ကောက်ခံမှုအစီအမံများကို သိသိသာသာလျှော့ချရန်နှင့် ဩဂုတ်လလယ်အထိ ရက်ပေါင်း ၉၀ ကြာ ကုန်သွယ်မှုဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်ရန် နှစ်နိုင်ငံက သဘောတူညီခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အီတီချဲကေ

ဘာသာပြန် - အောင်ကျော်ကျော်

# အီသီယိုးပီးယားခရီးသွားလုပ်ငန်းမြှင့်တင်ရန် "VISIT ETHIOPIA" ဒစ်ဂျစ်တယ်ပလက်ဖောင်းကို စတင်မိတ်ဆက်

အဒစ်အာဘာဘာ ဇူလိုင် ၉

အီသီယိုးပီးယားအစိုးရက "VISIT ETHIOPIA" ဟုအမည်ပေးထားသည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းကို ယမန်နေ့တွင်စတင်ခဲ့ပြီး ခရီးသွားများအတွက် ရိုးရှင်းသောဝန်ဆောင်မှုများကို ပိုမိုလွယ်ကူစွာရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပလက်ဖောင်းကို အီသီယိုးပီးယား ခရီးသွားလာရေးဝန်ကြီးဌာနနှင့်သတင်းအချက်အလက်ကွန်ရက် လုံခြုံရေးစီမံခန့်ခွဲမှုတို့မှ ပူးပေါင်းဖန်တီးထားသည်။

ဒစ်ဂျစ်တယ်နည်းပညာဖြင့် နိုင်ငံ၏ ခရီးသွားအရင်းအမြစ်များကို ပိုမိုကောင်းမွန်စွာ မြှင့်တင်ဖော်ထုတ်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

ခရီးသွားများအနေဖြင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းကိုအသုံးပြုပြီး တစ်နေရာတည်းတွင် ကြိုတင်စာရင်းသွင်းနိုင်မည့်အပြင် နိုင်ငံ၏အဆွဲဆောင်ဆုံးသောနေရာများ၊ ခရီးသွားအရင်းအမြစ်များ၊ ခရီးစဉ်ဒေသများ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ရရှိနိုင်မည်ဖြစ်ကြောင်း အီသီယိုးပီးယားနိုင်ငံ မြို့တော်အဒစ်အာဘာဘာ၌ ကျင်းပပြုလုပ်သောအခမ်းအနားတွင် ခရီးသွားလုပ်ငန်းဝန်ကြီး ဆီလာမာဝစ်ကာဆာက ပြောကြားသည်။

ထို့ပြင် အီသီယိုးပီးယားခရီးသွားကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ဆန်းသစ်တီထွင်သော နည်းပညာကို အသုံးပြုထားသည့် အဆိုပါပလက်ဖောင်းသည် နိုင်ငံတကာခရီးသွားများအတွက် ဗီဇာလိုအပ်ချက်များ၊ ငွေကြေးလဲလှယ်မှုနှင့် တယ်လီကွန်းဝန်ဆောင်မှုများဆိုင်ရာ နောက်ဆုံးပေါ်အချက်အလက်များကိုလည်း ရရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

နိုင်ငံအတွင်း၌ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ ယဉ်ကျေးမှုနှင့် သဘာဝအရ အရေးပါမှုများအတွက် အသိအမှတ်ပြုထားသော ကမ္ဘာ့အမွေအနှစ်နေရာ ၁၂ ခုရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်




# သီရိလင်္ကာနိုင်ငံတစ်ဝန်းရှိ အလယ်တန်းကျောင်းအားလုံး ၂၀၂၆ နှစ်ကုန်တွင် အင်တာနက်အသုံးပြုနိုင်မည်

ကိုလံဘို ဇူလိုင် ၉

သီရိလင်္ကာနိုင်ငံတစ်ဝန်းရှိ အလယ်တန်းကျောင်းများအားလုံး ၂၀၂၆ နှစ်ကုန်တွင် အင်တာနက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဟာရီနီအမာရာဆူရီယာက ယနေ့ ပြောကြားသည်။

ပြောကြား

အစိုးရသည် စာသင်ကျောင်းများအတွက် အကန့်အသတ်မရှိ ဒေတာပက်ကေ့ချ်ကို အသုံးပြုနိုင်ရန် စီစဉ်ထားကြောင်း ဝန်ကြီးချုပ် ဟာရီနီအမာရာဆူရီယာက မကြာသေးမီက လွှတ်တော်၌ ပြောကြားခဲ့သည်။

အစိုးရက စာသင်ကျောင်းပေါင်း ၁၅၀၀ ခန့်ကို စမတ်ဘုတ်များနှင့် အခြားကွန်ပျူတာကိရိယာများ ပံ့ပိုးပေးရန်လည်း စီစဉ်ထားသည်။ စာသင်ကျောင်းများသည် စုစုပေါင်းစမတ်ဘုတ် ၁၉၀၀ ရရှိမည်ဖြစ်ပြီး နောက်ထပ်ကျောင်း ၁၀၀၀ ကိုလည်း စမတ်ဘုတ်များ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဟာရီနီအမာရာဆူရီယာက ပြောသည်။

ထို့ပြင် သီရိလင်္ကာအစိုးရသည် ပညာရေးကဏ္ဍအဆင့်တိုင်းကို လွှမ်းခြုံနိုင်စေရန် အမျိုးသားပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်ကို ထူထောင်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# အိန္ဒိယနိုင်ငံ(အနောက်ပိုင်း) ဂူဂျာရတ်ပြည်နယ်၌ တံတားကျိုးကျမှုဖြစ်ပွား

နယူးဒေလီ ဇူလိုင် ၉

အိန္ဒိယနိုင်ငံ (အနောက်ပိုင်း) ဂူဂျာရတ်ပြည်နယ်တွင် ရုတ်တရက်တံတားကျိုးကျမှုကြောင့် တံတားပေါ်တွင် သွားလာနေသည့်ယာဉ်များ မြစ်အတွင်းသို့ ထိုးကျခဲ့ရာ အနည်းဆုံး ကိုးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂူဂျာရတ်ပြည်နယ်ရှိ အာနန်မြို့နှင့် ဗာဒိုဒါရာမြို့တို့ကို ဆက်သွယ်ထားသော ဂမ်ဘီရာတံတားသည် ဇူလိုင် ၉ ရက်တွင် ကျိုးကျခဲ့ရာ ဒေသတွင်းလမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့ကြောင်း သိရသည်။

မြစ်အတွင်းမှ ရုပ်အလောင်းကိုးလောင်း ပြန်လည်ရရှိခဲ့ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးရန် တာဝန်ရှိသူများအား ဂူဂျာရတ်ပြည်နယ်ဝန်ကြီးချုပ် ဖူပန်တာပတဲက ညွှန်ကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၃၂၁၂၈၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၃၇ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၂ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၆၄၅၉၅၂၇ ကျပ်)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ CHINA Southern Airlines လေယာဉ်ခရီးစဉ်အမှတ် CZ–3055/SF – 6342 ဖြင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် တရုတ် နိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၈၀၀၀၀)ကိုလည်းကောင်း၊ လေဆိပ် (ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၆၃၈၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၁၂၆၇၁၈၇ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ(၅)လမ်းရှိ ကမ်းနားဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၇၅၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့် လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်ငါးစီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၂၅ မျိုး (ခန့်မှန်းတန်ဖိုးငွေ ကျပ် ၁၂၆၆၁၀၀၀)



အေးရှားဝေါလ်ဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု

နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan AD Station Waogon လေးစီး၊ Nissan Wingroad Station Wagon တစ်စီး၊ Mazda Familia Station Wagon တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၆၁၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ဖလုံကျေးရွာအနီး၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၃၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၉၈၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၆ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၃၅ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၇၇၆၇၇၇ ကျပ်) ကို ဖမ်းဆီးရမိခဲ့ပြီး ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအားသက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ko Naing (user 886751789)” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ခုန်တိုင်းကျေးရွာနေ အောင်နိုင်ဝင်းအား နံနက် ၁၀ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၇-၂၀၂၅ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ဓဇဂ္ဂသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၀** ကျေးလက်ဒေသဖွံ့ဖြိုးရေးမှသည်နိုင်ငံတော်ဖွံ့ဖြိုးရေးဆီသို့
**၀၉:၃၀** ဝါဆိုလဘွဲ့တေးများ
**၁၁:၄၀** NEXT LEVEL
**၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'တော်ဝင်စားဖွဲ'** (အပိုင်း–၄)
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဇာတ်လမ်းတွဲ **'ထာဝရပန်းလေး'** (အပိုင်း–၁၃+၁၄)
**၁၆:၃၅** MSME အတွက်
**၁၇:၁၀** Soccer View
**၁၇:၃၀** လူမှုစီးပွားသတင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း၊
**၁၈:၃၅** မာရဝိဇယမြတ်ဗုဒ္ဓ
**၁၈:၄၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ **'ငေါင်'** (အပိုင်း–၂၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ပြည်ချစ်သားမွန်တေးသဝဏ်
**၂၁:၁၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'လှုခွမ်းကောင်းများဝေတ်'** (အပိုင်း–၄၆)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

**07:02** Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
**07:11** Skilled Performance of Traditional Myanmar Colored Glass Ball (Ep-2)
**07:27** International Art Collector Artist Tin Win (Beikthano)
**07:50** Healthy Diet: Balanced Diet
**08:01** News
**08:26** Asia Updates; SNUB-Nosed Monkeys
**08:33** Traditional Customs of Holy Waso
**09:01** Banana Handicraft Products
**09:27** The Ornithologist: Dr. Thein Aung
**10:01** News

**Me**

**၀၆:၀၀** အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
**၀၆:၁၀** တိုင်းရင်းသားသီချင်း၊ အက (မွန်)
**၀၆:၅၅** ဇာတ်လမ်းတွဲတို **'အပျော်အပျက်'**
**၀၇:၀၅** မြန်မာသံစဉ်တေးများ
**၀၇:၃၀** မြန်မာဇာတ်လမ်းတွဲ **'ထာဝရပန်းလေး'** အပိုင်း(၁၁)(၁၂)
**၀၈:၅၀** ဆိုကရေးတီးဆုရ (ဆိုင်းအတီးပြိုင်ပွဲ၊ တစ်ဦးချင်းအက)
**၀၉:၂၅** စတီရီယိုတေးများ
**၀၉:၄၅** မြန်မာရုပ်ရှင် 'ဖြူမည်း' **'ဗိုလ်ကာတွန်း'**
**၁၉:၃၀** မြန်မာဇာတ်လမ်းတွဲ **'ထာဝရပန်းလေး'** အပိုင်း(၁၃)(၁၄)

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
အရိုးပွရောဂါအကြောင်း သိကောင်းစရာ
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်ရိုးရာ လူပျိုကြီးကြက်သားသုပ်
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဆွေသီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း–၉)
**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ဓါတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း–၇)
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ရှေးဟောင်းမွန်ရိုးရာတူရိယာ
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လမြမ်းမြို့မှရိုးရာအလှ (အပိုင်း – ၂)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ကျန်းမာရေးနဲ့ညီညွတ်အောင် ကိုယ်အလေးချိန်လျှော့ချနည်း
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
'ဝ' ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့ (အပိုင်း – ၂)
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
Sushi လုပ်စားကြမယ်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၈:၄၅** ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ **'ရုရှားနိုင်ငံ'**
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'**
**၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ
**၁၀:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'အာဝရိကနိုင်ငံ'** (အပိုင်း–၂)
**၁၁:၃၀** ရှေးသို့ရှိမည်ပန်းတိုင်ဆီ (အပိုင်း–၈၅)

**MRTV FARMERS' HD**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၂၅** မြန်မာ့ပုလဲဆန်လိုတင်စားပေါ်ဆန်းစပါး
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၁၈:၂၀** How Texas Farmers Use 127 Million Acres of Farmland
**၁၉:၁၅** The Flood
**၂၀:၀၀** ဆံပင်အတုနဲ့မေခင်ဂျုပု (ဇာတ်လမ်း)
**၂၂:၀၀** Holidate (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၅** Sports Diary
**၁၂:၀၀** AYA Bank Women Futusal League (ISPE Vs Thunder Tigersses)
**၁၇:၀၀** အားကစားသတင်း

Scan Here
MRTV
MRTV
MRTV Radio
MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ကျောက်ဆည်မြို့နယ်၌ ငွေကျပ် ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၄၈ ကီလိုကျော် သိမ်းဆည်းရမိ



တရားခံ သန်းအောင်စိုး(ခ)မျောက်ကြီး၊ ပိုင်ခန့်၊ နန်းသီရိအောင်(ခ)ဘောပြားမ၊ ဟန်ထွန်းနိုင်(ခ)စိုင်းကျော်မိန်း၊ စောရန်နိုင်၊ ဘုန်းမြင့်ကျော်(ခ)ဦးတီပွားနှင့် ဇော်ဇော်နောင်(ခ) ကိုနောင်တို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၉**

ကျောက်ဆည်မြို့နယ်၌ ငွေကျပ် ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၄၈ ကီလိုကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၂ ရက် မွန်းလွဲ ၃ နာရီတွင် ကျောက်ဆည်နှင့် မိတ္ထီလာခရိုင်ချင်းဆက်လမ်း၊ တောင်တော်ကျေးရွာအနီးတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မှ မန္တလေးသို့ သန်းအောင်စိုး(ခ)မျောက်ကြီး မောင်းနှင်ပြီး ပိုင်ခန့် လိုက်ပါလာသည့် Nissan Diesel ခြောက်ဘီးယာဉ်အား စစ်ဆေးရှာဖွေခဲ့ရာ ဘိန်းဖြူ ၁၄၈ ဒသမ ၇၉၇ ကီလို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိဘိန်းဖြူများကို မိုင်းရယ်မြို့မှ မန္တလေးမြို့သို့ သယ်ဆောင်ခိုင်းသူ နန်းသီရိအောင်(ခ)ဘောပြားမ၊ ဟန်ထွန်းနိုင်(ခ)စိုင်းကျော်မိန်းနှင့် စောရန်နိုင်တို့ကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် လွိုင်လင်မြို့နယ် ပင်လုံ-လဲချားသွားကားလမ်းတွင် Ford Ranger ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့သုံးဦးအနက် ဟန်ထွန်းနိုင်(ခ) စိုင်းကျော်မိန်းသည် မူးယစ်အမှုများဖြင့် အလိုရှိတရားခံပြေးတစ်ဦးဖြစ်ကြောင်း သိရသည်။

**ဖော်ထုတ်လျက်ရှိ**

စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၂၉ ရက်မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဘုန်းမြင့်ကျော်(ခ)ဦးတီပွားနှင့် ဇော်ဇော်နောင်(ခ)ကိုနောင်တို့ကို အောင်ပန်းမြို့ လှည်းရိုးရပ်ကွက်ရှိ နေအိမ်တွင် ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ဘုန်းမြင့်ကျော်(ခ)ဦးတီပွားမှာလည်း မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေးတစ်ဦးဖြစ်ကြောင်း သိရှိရပြီး ဖော်ထုတ်ချက်အရ သီပေါမြို့နယ် ကုန်းသာကျေးရွာနေ အောင်ဖြိုးသူနှင့် မိုင်းရယ်မြို့နေ စိုင်းစောတို့မှ မူးယစ်ဆေးဝါးများအား လွှဲပြောင်းပေးခဲ့သူများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဖားကန့်မြို့၌ KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အများပြည်သူထိခိုက်စေရန်ရည်ရွယ်၍ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် အပြစ်မဲ့အရပ်သားပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ အရပ်သားပြည်သူတစ်ဦး သေဆုံး




ကချင်ပြည်နယ် ဖားကန့်မြို့၌ KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အများပြည်သူထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့သည့်နေရာပြပုံ။

**နေပြည်တော် ဇူလိုင် ၉**

အကြမ်းဖက်သမားများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အကြောက်တရားများ လွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone ဖြင့် Drop Bomb များ ပစ်ချ တိုက်ခိုက်ခြင်းများနှင့် အများပြည်သူ သွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ မိုင်းထောင်ထားခြင်း၊ ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၈ ရက် ည ၉ နာရီ ၅၅ မိနစ်တွင် ကချင်ပြည်နယ် ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက်သို့ KIA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အများပြည်သူ ထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါရပ်ကွက်ရှိမြို့နယ်စည်ပင်သာယာရုံးဝင်းအတွင်းရှိ သွပ်မိုး/ပျဉ်ကာ ခြောက်ခန်းတွဲ နေအိမ်လိုင်းခန်းပေါ်သို့ လက်နက်ကြီးဖုံးသီး တစ်လုံး ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် နေအိမ်လိုင်းခန်းအတွင်း နေထိုင်သူများ ဖြစ်ကြသည့် ဒေါ်မေရီဇင်အောင်(၃၄)နှစ်တွင် ဖုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး အဆိုပါရုံးမှ ယာဉ်မောင်းဖြစ်သူ ဦးသန်းထိုက်စိုး (၃၃)နှစ်၊ ဒေါ်အေးအေးခိုင် (၄၇)နှစ်နှင့် ဒေါ်နွဲ့ကြည်(၆၂)နှစ်တို့ သုံးဦးတွင် ဖုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများအသီးသီးရရှိခဲ့၍ သေဆုံး/ဒဏ်ရာရရှိသူများအား ဖားကန့်မြို့နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့ အရပ်သားပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားနေသည့် နေရာများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်နေမှုများကြောင့် နိုင်ငံ့ဝန်ထမ်းနှင့် မိသားစုဝင်များ ထိခိုက်ဒဏ်ရာရရှိမှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက် ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ အချိန်နှင့်တစ်ပြေးညီ အသိပေးလျက်ရှိ



**ပွင့်ဖြူ ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ဒေသခံတောင်သူများ စိုက်ပျိုးရေအတွက် မှီခိုအားထားရသော ကြီးအုံကြီးဝတမံမှာ ယခုရက်ပိုင်း မိုးများရွာသွန်းလျက်ရှိမှုကြောင့် တမံအတွင်း ရေဝင်ရောက်မှုတိုးလာခဲ့ပြီး ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိရာ ယနေ့နံနက် ၆ နာရီ တိုင်းထွာချက်အရ တမံရေပိုလွှဲမှ ၇ ဒသမ ၈ ပေခန့် ရေကျော်ကျလျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် ကြီးအုံကြီးဝတမံအတွင်း မိုးရေဝင်ရောက်မှုများရှိခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် ရေပိုလွှဲမှ ၇ ဒသမ ၈ ပေခန့် ရေကျော်ကျလျက်ရှိနေကြောင်း၊ ထိုသို့ရေပိုလွှဲမှ ရေကျော်ကျမှုရှိသော်လည်း တမံအောက်ဘက်ရှိ ဒေသခံပြည်သူများအတွက် စိုးရိမ်ဖွယ်ရာ အခြေအနေမရှိကြောင်းနှင့် တမံနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်လျက်ရှိကြောင်း အဆိုပါ တမံရေကင်းတာဝန်ရှိသူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကြီးအုံကြီးဝတမံသည် ဒေသခံတောင်သူများကို (နွေ၊ မိုး၊ ဆောင်း) သီးနှံများ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန် နှစ်စဉ်မဲဇလီရေလွှဲဆည်သို့ စိုက်ပျိုးရေများ ပို့လွှတ်ကာ ဖြန့်ဝေပေးလျက်ရှိ၍ ဒေသတွင်းရှိ တောင်သူများအတွက် အဓိက မှီခိုအားထားရသည့် တမံတစ်ခုလည်း ဖြစ်သည်။ ယခုရက်ပိုင်း မိုးအဆက်မပြတ် ရွာသွန်းလျက်ရှိသဖြင့် တမံရေပိုလွှဲမှ ရေကျော်ကျလျက်ရှိပြီး တမံအတွင်း ရေဝင်မှုအခြေအနေနှင့် တမံရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေများကို တမံရေကင်းတာဝန်ရှိသူများက အများပြည်သူသိရှိနိုင်ရန် အချိန်နဲ့တစ်ပြေးညီ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ ကောင်းမှုကုသိုလ်များပြုလုပ်

**နေပြည်တော် ဇူလိုင် ၉**

ဝါဆိုလပြည့်နေ့သည် သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ ဟူသော ထူးမြတ်သည့် ဂုဏ်ဒြပ်လေးရပ်အပြင် ဗုဒ္ဓမြတ်စွာဘုရားဖြစ်ကြောင်း ဝန်ခံသောနေ့ဖြစ်ခြင်း၊ တရားရတနာစတင်ပေါ်ပေါက်လာသောနေ့ဖြစ်ခြင်း၊ သံဃာရတနာစတင်ပေါ်ပေါက်လာသောနေ့ဖြစ်ခြင်း၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံလာသောနေ့ဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ ပေဟိဘိက္ခု ဟူသောစကားကို စတင်ကြားရသောနေ့ဖြစ်ခြင်း စသည်ဖြင့် ထူးခြားဂုဏ်ဒြပ်ကိုးရပ်တို့နှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။

**ကုသိုလ်ယူကြသူများဖြင့် စည်ကား**

အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုပန်းများကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ စတုဒိသာအလှူများပေးလှူခြင်းစသည့် သူတော်ကောင်းတရားများကို

**စာမျက်နှာ ၁၇ သို့ ✦**



ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်စေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရွှေဆံတော်ဘုရား၌ ဘုရာဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



မန္တလေးမြို့ မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



မန္တလေးမြို့ မဟာလောကမာရဇိန်ကုသိုလ်တော်မြတ်စွာဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

✦ စာမျက်နှာ ၁၆ မှ

ကြိုးစားအားထုတ် ဆောင်ရွက်ကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် မန္တလေးမြို့ရှိမဟာမြတ်မုနိဘုရားကြီး အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီး ကျောင်းများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူကြသူများနှင့် စည်ကားလျက်ရှိသည်။

**အထူးစည်ကား**

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၊ အပန်းဖြေစခန်းများ၌လည်း လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စည်ကားလျက်ရှိ**

ပဲခူးမြို့ သမိုင်းဝင်ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။





ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ အောင်ဇမ္ဗူတောရရိပ်သာကျောင်းတိုက်(ဂျပန်ဘုရား)၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ဦးပိန်တံတား၌ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## ဝါဆိုလပြည့်နေ့တွင် ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများ၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား

**ပခုက္ကူ ဇူလိုင် ၉**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ဝါဆိုလပြည့်နေ့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများ၌ ယနေ့နံနက်ပိုင်းက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှု ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

**လာရောက်ကုသိုလ်ယူကြ**

ပခုက္ကူမြို့သည် ဗုဒ္ဓဘာသာသာသနာ ထွန်းကားရာ မြို့တစ်မြို့ဖြစ်သည်နှင့်အညီ သီဟိုဠ်ရှင်မြတ်စွာဘုရား၊ ရွှေကူမြတ်စွာဘုရား၊ ဖောင်တော်ဦးဘုရား၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး စသည့် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများ တည်ရှိရာမြို့လည်းဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံပြည်သူများအနေဖြင့် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားသည့် နေ့ထူးနေ့မြတ် ဝါဆိုလပြည့်နေ့ရောက်တိုင်း ဘုရား၊ စေတီတော်မြတ်ကြီးများရှိဗုဒ္ဓရုပ်ပွားတော်များရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းတို့ဖြင့် အသီးသီး လာရောက်ကုသိုလ်ယူကြသည်ကို တွေ့ရသည်။

ထို့ပြင် ပခုက္ကူမြို့ ဘုန်းတော်ကြီးကျောင်း၊ စာသင်တိုက်များရှိ ဆရာတော်၊ သံဃာတော်ကြီးများထံ ဥပုသ်သီလတရားနာယူသူများ၊ ဘုရားစေတီတော်ရင်ပြင်များတစ်လျှောက် အဘိဓမ္မာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်သူများ၊ ဘုရားပန်းများနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းသူများ၊ ငါးအစာကျွေးသူများ၊ ဘုရားဝင်းအတွင်းရောင်းချသည့် စားစရာမုန့်ပဲသရေစာများ ဝယ်ယူစားသောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
❖ ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# Let's Write in English daily, young ones.

# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...

## အသီးတစ်ရာ အညှာတစ်ခု

တွံတေးသိန်းတန်ဆိုတာ တစ်ခါက နာမည်ကြီးအဆိုတော်ကြီး တစ်ဦးပါခင်ဗျာ ။ သူ့ရဲ့ "အသီးတစ်ရာ အညှာတစ်ခု" ဆိုတဲ့သီချင်းက အခုအချိန်အထိ လူကြိုက်များပြီး လူတိုင်းနီးပါး သိကြတယ်။

ဒီသီချင်းရဲ့ စာသားတွေက အင်္ဂလိပ်စာရေးနည်း သင်ခန်းစာ အတွက် အိုင်ဒီယာယူလို့ အလွန်ကောင်းပါတယ်။ သီချင်းစာသားရိုးရှင်း ပေမယ့် အဓိပ္ပာယ်ပြည့်ဝပြီး သဘာဝတရားနဲ့ လူ့ဘဝအကြောင်းကို နှိုင်းယှဉ်ဖော်ပြထားတယ်။

သီချင်းစာသားတွေကို အင်္ဂလိပ်လိုပြန်ရေးတဲ့အခါ စကားပြေ (prose) ပုံစံမျိုးပြောင်းလဲပြီး ရေးမယ်ဆိုရင် ပိုကောင်းပါတယ်။ ဘာလို့လဲဆိုတော့ သီချင်းဆိုတာက စာလုံးရေနည်းနည်းနဲ့ ခံစားချက်ကို အသားပေးရေးတာဖြစ်ပြီး စကားပြေကတော့ အကြောင်းအရာတစ်ခုကို ပိုပြီး ရှင်းရှင်းလင်းလင်း၊ ပြည့်ပြည့်စုံစုံ ဖော်ပြလို့ရလို့ပါခင်ဗျာ။

**တွံတေးသိန်းတန်ဆိုတာ**

၁၉၄၁ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရှမ်းစုကြီးကျေးရွာမှာ မွေးခဲ့တယ်။

ငယ်ငယ်တုန်းက တွံတေးမြို့မှာပဲ ကျောင်းတက်ခဲ့တယ်။

၁၉၆၁ ခုနှစ်တွင် မြန်မာ့အသံမှာ အလုပ်ဝင်ခဲ့တယ်။

"မျက်ရည်စမ်းဖြင့် ခမ်းလေပြီ" သီချင်းနဲ့ ဂီတလောကထဲကို စဝင်ခဲ့တယ်။

၁၉၆၂ ခုနှစ်မှာ "ထွေးညို" သီချင်းနဲ့ တစ်နိုင်ငံလုံး နာမည်ကြီးခဲ့တယ်။ ရုပ်ရှင်လောကထဲ ရောက်လာတယ်။

ရုပ်ရှင်ကားပေါင်း ၆၇ ကားမှာ သရုပ်ဆောင်ခဲ့ပြီး ကိုယ်တိုင် ဒါရိုက်တာလုပ်ခဲ့တယ်။

ခတ်ပြားသီချင်းပေါင်း အများကြီးသီဆိုခဲ့ပြီး သီချင်းပုဒ်ရေ ၃၅၀ လောက်ရှိမယ်။

၁၉၇၄ ခုနှစ်မှာ "တွံတေးသိန်းတန် ဂီတရုပ်ရှင် ပြဇာတ်သဘင်" အဖွဲ့ကို ထူထောင်ခဲ့တယ်။

ဝတ္ထုရှည်စာအုပ် ၂၀ လောက်လည်း ရေးသားခဲ့တယ်။

**အသီးတစ်ရာ အညှာတစ်ခု (သီချင်း)**

**ဒီသီချင်း စာသားတွေက လေ့လာဖို့ ထုတ်ထားတာပါ။**

- *ရွာကျောင်းကို ပြေးမြင်မိရင် သတိရနေတယ် သူငယ်ချင်းရေ။ ဒို့များငယ်ငယ်တုန်းက ရွာအဝင်လမ်းဆီကနေ လက်ချင်းယှက်ကာ ပြေးကာလွှားကာ ကျောင်းတက်လာကြတာတွေ... မေ့နိုင်မှာလား မင်းတို့ ငါတို့ ငယ်ငယ်တုန်းကလေ...*
- *ကကြီး ခခွေး ဘယ်လိုရေးပါ ... ကလေးစရိုက်အရွယ်မို့ ချော့ကာ ခြောက်ကာ မြှောက်ကာ ပင့်ကာ ပညာသင်ပေး...တဲ့ ဆရာများရဲ့ ဂုဏ်ကျေးဇူးတွေ။ လူလားမြောက်တဲ့အခါမှာလေ တစ်ဝမ်းတစ်ခါးအတွက်မို့ တစ်လမ်းစီသွားခဲ့ရပေ ဟေ့ သူငယ်ချင်းရေ...*
- *မိုးမလင်းခင်က ပျိုးခင်းဝင်ကြ အချိန်ကုန်နေ... ယာထဲ ကိုင်းထဲ ခေါ်းဆွဲလို့ တံစဉ်ကိုကိုင် မပျင်းနိုင်ပါလေ။ တို့တစ်တွေက တို့ရွာမှာနေ တောင်သူလယ်သမားအဖြစ်နဲ့ ကျန်ရစ်နေခဲ့ပေ။ မင်းတို့တစ်တွေက မြို့ကြီးတွေဆီမှာ ရောက်နေ။ ဟေ့ သူငယ်ချင်းရေ ဟေ့ သူငယ်ချင်းရေ...*



**စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)**

**ကဗျာဆန်တဲ့ ဘဝပုံရိပ်တစ်ခု**

ဒီစာသားလေးက တကယ်ကို ရိုးရှင်းပြီး ရင်ထဲထိတယ်နော်။ သူငယ်ချင်းတွေနဲ့ ငယ်ဘဝအမှတ်တရတွေကို လွမ်းဆွတ်တမ်းတနေတဲ့ ခံစားချက်ကို ပေါ်လွင်စေပါတယ်။

ကျေးလက်နေလူငယ်တွေရဲ့ ငယ်ဘဝနဲ့ ဆရာ ဆရာမတွေရဲ့ ကျေးဇူးတရားကို ဖော်ညွှန်းထားတယ်။ အသက်ကြီးလာတော့ ဘဝလမ်းကြောင်းတွေ ကွဲပြားသွားပုံ၊ တစ်ဦးက ရွာမှာ တောင်သူအဖြစ် ကျန်နေခဲ့ပြီး နောက်တစ်ဦးက မြို့ကြီးပြကြီးဆီရောက်သွားပုံကို ရိုးရိုးလေးနဲ့ထိမိအောင် ရေးဖွဲ့ထားပါတယ်။

ဒါဟာ မြန်မာ့ကျေးလက်လူမှုဘဝရဲ့ ပုံရိပ်တစ်ခုလို့လည်း ပြောလို့ရပါတယ်။ ငယ်ငယ်က အတူတူပျော်ခဲ့ကြပေမယ့် အချိန်နဲ့အမျှ ဘဝအခြေအနေတွေပြောင်းလဲသွားတာကို ရိုးရှင်းတဲ့စကားလုံးတွေနဲ့ ဖော်ပြထားပါတယ်ခင်ဗျာ။

**My Friends**

When I see our village school, I miss my friends. I'll never forget how we used to hold hands and run to school when we were little.

**Thank You, Teachers**

When we were little, we didn't even know how to write our **Ka–gyi, Kha–khway** (ABCs). Our teachers were so kind. They'd sweet–talk us and encourage us to learn. We're very thankful for them! But now that we're grown up, we've gone our separate ways to find jobs, my friends.

**Those Who Lived in the Village**

Before the sun even comes up, we go to the farm. We're still farmers in the village. But you, my friends, you're in the big cities now, right?

**Word Bank**

*Friends (သူငယ်ချင်းများ), Village school (ရွာကျောင်း), Miss (သတိရသည်), Hold hands (လက်တွဲသည်), Run (ပြေးသည်), Little (ငယ်ငယ်က), Forget (မေ့သည်), Teachers (ဆရာများ), Ka–gyi, Kha–khway (ABCs) (ကကြီး၊ ခခွေး), Kind (ကြင်နာသော), Encourage (အားပေးသည်), Learn (သင်ယူသည်), Thankful (ကျေးဇူးတင်သော), Grown up (ကြီးပြင်းလာသော), Separate ways (လမ်းခွဲသည်), Jobs (အလုပ်အကိုင်များ), Village (ရွာ), Farm (လယ်/ယာ), Farmers (တောင်သူလယ်သမားများ), Big cities (မြို့ကြီးများ)*

## စကားလုံးလျော့နေသည့် အမှားများ

**လှသမိန်**

(၁၀-၆-၂၀၂၅ ရက်နေ့မှအဆက်)

**ဆ**

**အမှား။** မြို့မြောက်ဘက်တွင် **စိုက်ပျိုးရေးနှင့် တိရစ္ဆာန်ဆေးကုဌာန**တို့လည်း ရှိသည်။

**အမှန်။** မြို့မြောက်ဘက်တွင် **စိုက်ပျိုးရေး(ဌာန)နှင့် တိရစ္ဆာန်ဆေးကုဌာန**တို့လည်း ရှိသည်။

**အကြောင်းပြ။** (စိုက်ပျိုးရေး)နှင့် (တိရစ္ဆာန်ဆေးကု) ကို တိုက်ရိုက်ဆက်စပ်ထားသဖြင့် တစ်ဌာနတည်းတွင် နှစ်မျိုးပေါင်း ဆောင်ရွက်သကဲ့သို့ ရှိနေသည်၊ ဌာနနှစ်ခုသီးခြားရှိကြောင်း ထင်ရှားစေလိုက (ဌာန)ဟူသော စကားလုံးကို အကြောင်းရပ်တစ်ခုစီ၌ တွဲစပ်ပေးရန်လိုလေသည်။

**ဇ**

**အမှား။** ကျွန်တော်သည် အကြောင်းအရာကို **ငှင်း၊** စာအုပ်အမည်ကိုငှင်း၊ စာရေးသူကိုပါ မကြိုက်ချေ။

**အမှန်။** ကျွန်တော်သည် အကြောင်းအရာကို **ငှင်း၊** စာအုပ်အမည်ကိုငှင်း၊ စာရေးသူကိုပါ**(ငှင်း)**မကြိုက်ချေ။

**အကြောင်းပြ။** (ငှင်း)သည် အတွဲအစုံလိုက် သုံးရသည်ဖြစ်ရာ၊ အလားတူ တွဲဆက်သမျှသော ပုဒ်တိုင်း၏ နောက်တွင် ပါရှိရန်လိုသည်။ ထို့ကြောင့် (ငှင်း) တစ်လုံးကို နောက်ဆုံးကပုဒ်တွင် တွဲစပ်ပေးရလေသည်။

**ဖြစ်စေ၊ သော်ငှင်း၊** စသော အတွဲစကားလုံးများကိုလည်း အတွဲပြည့်စုံအောင် သုံးရန်လိုလေသည်။

**ဈ**

**အမှား။** စာအုပ်စင်တစ်ခုလုံး **မည်သည့်စာအုပ်**မပျောက်ပါ။

**အမှန်။** စာအုပ်စင်တစ်ခုလုံးတွင် **မည်သည့်စာအုပ်(မျှ)** မပျောက်ပါ။

**အကြောင်းပြ။** (မည်သည့်)ကို မေးခွန်းတွင်မဟုတ်ဘဲ (မ) ပါသော ကြိယာနှင့် တွဲစပ်ခဲ့သော် (မျှ)ကို ထည့်ပေးရန်လိုသည်။

**ည**

**အမှား။** သူတို့သည် **ဒီမိုကရေစီ**ရေးအတွက် တိုက်ကြသည်။

**အမှန်။** သူတို့သည် **ဒီမိုကရေစီ(ရရှိ)**ရေးအတွက် တိုက်ကြသည်။

**အကြောင်းပြ။** (ရေး)ကို စားရေး၊ နေရေး၊ လွတ်လပ်ရေး စသည်ဖြင့် ကြိယာနှင့်သာတွဲ၍(ဖို့အရေး) ဟူသောစကား၏ အတိုချုပ်အဖြစ် တွဲဆက်သုံးစွဲသည်။ နာမ်နှင့်တွဲရိုးမရှိချေ။ ထို့ကြောင့် ကြိယာတစ်ခုဖြည့်ရန်လိုသည်။ (ရရှိ၊ ဖြစ်မြောက်၊ ပေါ်ပေါက်၊ ထွန်းကား) စသည် ကြိယာတစ်ခုခုကို ဖြည့်နိုင်သည်။

**ဋ**

**အမှား။** မောင်မြသည် နေမကောင်း၍ **တစ်ကြောင်း၊** စာမရသောကြောင့် ကျောင်းသို့မလာဘဲ နေသည်။

**အမှန်။** မောင်မြသည် နေမကောင်း၍ **တစ်ကြောင်း၊** စာမရသောကြောင့် **တစ်ကြောင်း၊** ကျောင်းသို့မလာဘဲ နေသည်။

**အကြောင်းပြ။** (တစ်ကြောင်း)မှာ အစုံအားဖြင့် တစ်ခုထက်ပိုသော အကြောင်းများကို ဖော်ပြရန်သုံးခြင်းဖြစ်သဖြင့် အကြောင်းရပ်တိုင်း၌ (တစ်ကြောင်း) ဟူသောပုဒ်ဖြင့် အဆုံးသတ်ရန် လိုလေသည်။

**ဌ**

**အမှား။** နဝဒေးကြီး လူ့လောကတွင် **မရှိခြင်း**ကား ဝမ်းနည်းဖွယ်ပင်။

**အမှန်။** နဝဒေးကြီး လူ့လောကတွင် **မရှိတော့ခြင်း**ကား ဝမ်းနည်းဖွယ်ပင်။

**အကြောင်းပြ။** နဝဒေးသည်လူ့လောကတွင်လုံးဝမပေါ်ခဲ့ခြင်း မဟုတ်ချေ။ ယခုမရှိတော့ခြင်းသာဖြစ်သည်။ ထို့ကြောင့် (တော့)ဟူသော စကားလုံးကို ဖြည့်သွင်းရသည်။

**ဍ**

**အမှား။** ထောင်မှူးကြီးက မင်းစေကို **လွှတ်**လိုက်သည်။

**အမှန်။** ထောင်မှူးကြီးက မင်းစေကို **(စေလွှတ်)**လိုက်သည်။

**အကြောင်းပြ။** 'လွှတ်'သည်၊ လွှတ်ပစ်ခြင်း၊ စေလွှတ်ခြင်း ဟူသော အဓိပ္ပာယ်နှစ်မျိုးရှိနေသဖြင့် ဆိုလိုရာ အဓိပ္ပာယ်တစ်ခုခုကို တိကျစေရန် စကားလုံး ဖြည့်သွင်းပေးရသည်။

**ဎ**

**အမှား။** အသုံးစရိတ်ကို **သတိပြုရာ**ထားရပေမည်။

**အမှန်။** အသုံးစရိတ်ကို **သတိပြု(၍)** ရာထားရပေမည်။

**အကြောင်းပြ။** (ရာထား)ဟူသော စကားလုံးသည်၊ တစ်လုံးတည်းဖြစ်သော်လည်း ရှေ့တွင် ကြိယာရှိနေသဖြင့် (ရာ)ကို ကြိယာနှင့်တွဲ၍ အဓိပ္ပာယ်ကောက်နိုင်စရာရှိသည်။ ထို့ကြောင့် (၍)ကို ထည့်ပေးရသည်။ (လျာထား) ဟု ရေးလျှင် လွဲမှားစရာမရှိပေ။

**(ဆက်လက်ဖော်ပြပါမည်)**

ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။

# ဝါ စိမ်း နီ ပြာ ခွဲလို့ရယ် အမှိုက်စွန့်ပစ်ကြမယ်

ဝင်းထွဋ်ဦး

**ယခုတစ်လော စွန့်ပစ်အမှိုက်သရိုက်တွေနဲ့ သက်ဆိုင်တဲ့သတင်းတွေကို သတင်းစာမျက်နှာပေါ်မှာ ဖတ်ရှုရပါတယ်။ စွန့်ပစ်ပစ္စည်းအမှိုက်တွေကို စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ဖို့အတွက် နိုင်ငံတစ်ဝန်းရှိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက မြို့ကြီးတွေ၊ မြို့နယ်တွေမှာ အသိပညာပေးလှုံ့ဆော်မှုတွေ ပြုလုပ်နေကြတဲ့သတင်းတွေပဲ ဖြစ်ပါတယ်။**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောသရုပ်ပြပွဲ၊ အမှိုက်များကို အမျိုးအစားခွဲခြားစွန့်ပစ်နိုင်ရေး အမှိုက်ပုံးအရောင်များ ခွဲခြားသတ်မှတ်ခြင်း အသိပညာပေးဟောပြောပွဲ၊ အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ်အကောင်အထည်ဖော်ရေး အသိပညာပေးဟောပြောခြင်း လက်တွေ့သရုပ်ပြခြင်း စတဲ့ ခေါင်းစဉ်အမျိုးမျိုးနဲ့ မြို့ကြီးတွေ၊ မြို့နယ်တွေမှာ ပြုလုပ်ဆောင်ရွက်နေကြပါတယ်။




အဲဒီအမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောသရုပ်ပြပွဲတွေကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်နိုင်စေဖို့၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ပြီး သယံဇာတအရင်းအမြစ်တွေကို ထိထိရောက်ရောက် အသုံးချနိုင်ဖို့၊ အန္တရာယ်ကင်းတဲ့စွန့်ပစ်မှုဖြစ်စေဖို့ ရည်ရွယ်ပြီး ပြုလုပ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အမှိုက်အမျိုးအစားအလိုက် စနစ်တကျခွဲခြားစွန့်ပစ်မယ်ဆိုရင်–

- စွန့်ပစ်ပစ္စည်းတွေက ပြန်လည်အသုံးပြုနိုင်တဲ့အရာတွေကိုခွဲထုတ်နိုင်ခြင်း၊
- သဘာဝအရင်းအမြစ်တွေကို ထိထိရောက်ရောက် အသုံးချနိုင်ခြင်း၊
- စွန့်ပစ်ပမာဏလျှော့ချနိုင်ခြင်း၊
- ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ကျစေနိုင်ခြင်း၊
- ကျန်းမာရေးအန္တရာယ်ကို လျှော့ချပေးခြင်း၊
- အမှိုက်စိုတွေက သဘာဝမြေဆွေးပြုလုပ်နိုင်ခြင်း၊
- စွန့်ပစ်ပလတ်စတစ်ပစ္စည်းတွေကို အခြားအသုံးဝင်တဲ့ပစ္စည်းတွေအဖြစ် ပြန်လည်ပြုပြင်ထုတ်လုပ်သုံးစွဲမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ဖန်တီးပေးနိုင်ခြင်း စတဲ့အကျိုးကျေးဇူးတွေရရှိခံစားကြရမှာ ဖြစ်ပါတယ်။

ခြောက်သွေ့တဲ့စက္ကူ၊ ကတ်ထူစက္ကူ၊ သံတိုသံစ၊ ပိတ်စ၊ သစ်သား စတဲ့စွန့်ပစ်ပစ္စည်းတွေကို အမှိုက်ခြောက်အဖြစ် သတ်မှတ်ပေးထားပါတယ်။ အဲဒီအမှိုက်ခြောက်ကိုစွန့်ပစ်ဖို့ကတော့ အဝါရောင်အမှိုက်ပုံးဖြစ်ပါတယ်။

အမှိုက်စိုတွေကတော့ မီးဖိုချောင်ထွက်ပစ္စည်းတွေနဲ့ တစ်ကိုယ်ရေသုံးသန့်ရှင်းရေးပစ္စည်းတွေ စတဲ့စွန့်ပစ်ပစ္စည်းတွေပါပဲ။ အဲဒါတွေစွန့်ပစ်ဖို့အတွက် အစိမ်းရောင်အမှိုက်ပုံးကို သတ်မှတ်ပေးထားပါတယ်။ ပလတ်စတစ်အမှိုက်တွေဖြစ်တဲ့ ပလတ်စတစ်သုံးပစ္စည်းတွေနဲ့ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းတွေအတွက်ကတော့ အပြာရောင်အမှိုက်ပုံးမှာ စွန့်ပစ်ရမှာပါ။

လျှပ်စစ်နဲ့ ဓာတုဆိုင်ရာ ဘေးအန္တရာယ်ပစ္စည်းအမှိုက်တွေဆိုရင် အနီရောင်အမှိုက်ပုံးကို ရွေးချယ်စွန့်ပစ်ကြရမှာ ဖြစ်ပါတယ်။ အမှိုက်ကိုရွေးချယ်၊ စွန့်ပစ်ရမယ့်အမှိုက်ပုံးအရောင်ကိုလည်း ရွေးချယ်စွန့်ပစ်ရမှာဖြစ်တယ်။

### အကျိုးကျေးဇူးတွေက တန်ဖိုးကြီးမားလှ

အမှိုက်တွေကို အမှိုက်ပုံးအရောင်ခွဲခြားကာ စွန့်ပစ်တဲ့ အလေ့အထကောင်းဖြစ်လာအောင် လေ့ကျင့်အသိပညာပေးတာတွေကို လုပ်ဆောင်ပေးနေပါတယ်။ အမှိုက်ကို အရင်ဆုံးရွေးချယ်ခွဲခြားရပါမယ်။ ပြီးရင်စွန့်ပစ်ရမယ့် အမှိုက်ပုံးအရောင်ကို ထပ်ပြီးရွေးရပါမယ်၊ ပြီးမှ စွန့်ပစ်ရမှာပါ။ ဒီလိုလုပ်တာ အလုပ်နည်းနည်းပိုပေမယ့် လုပ်ရင်းနဲ့ အလေ့အကျင့်တစ်ခု ဖြစ်သွားမှာပါ။ ဒီလိုလုပ်ရင်ရမယ့်အကျိုးကျေးဇူးတွေက တန်ဖိုးကြီးမားလှပါတယ်။

နိုင်ငံတစ်ဝန်း မြို့ရွာအသီးသီးက နေ့စဉ်စွန့်ပစ်အမှိုက်ထွက်ရှိမှုဟာ သိသိသာသာ များပြားလျက်ရှိနေပါတယ်။ ထွက်ရှိမှုပိုပိုပြီးတိုးလာသလို စည်းကမ်းမဲ့ ဖြစ်သလိုစွန့်ပစ်တာတွေကလည်း ပိုများလို့လာပါတယ်။

မြို့ရွာအသီးသီးမှာ နေထိုင်သူတွေဟာ အမှိုက်စွန့်ပစ်မှုအလေ့အကျင့်ကောင်းတွေကို အတော်များများက မသိတာ၊ အားနည်းတာ၊ လိုအပ်တာတွေရှိနေသလို နည်းလမ်းတကျ၊ စနစ်တကျ စွန့်ပစ်ပစ္စည်းသိမ်းဆည်းမှုစနစ်၊ သယ်ဆောင်မှုစနစ်နဲ့ စွန့်ပစ်မှုစနစ်တွေလည်းမရှိဘူးလို့တောင် ပြောနိုင်ပါတယ်။ အဲဒီအကျိုးဆက်က နိုင်ငံအတွင်း စည်းကမ်းမဲ့စွန့်ပစ်တဲ့အမှိုက်တွေကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ ဖြစ်ပေါ်လာတာပဲ ဖြစ်ပါတယ်။ မြေဆီလွှာ၊ မြစ်ချောင်း၊ ရေအရင်းအမြစ်တွေမှာ ဆိုးကျိုးတွေဖြစ်စေတယ်၊ သက်ရောက်စေတယ်။ စုပုံစွန့်ပစ်ထားတဲ့နေရာက ထွက်လာတဲ့ ရေဆိုး၊ စွန့်ပစ်ပစ္စည်းတွေ မီးရှို့လို့ လေထုညစ်ညမ်းမှုတွေက မြေထု၊ ရေထု၊ လေထု ညစ်ညမ်းစေပါတယ်။ အဲဒီညစ်ညမ်းမှုတွေက ပြည်သူတွေရဲ့ကျန်းမာရေးကို သိသိသာသာထိခိုက်စေတာအမှန်ပါပဲ။ သတိပြုကြရမှာ ဖြစ်ပါတယ်။

အဲဒီ စွန့်ပစ်အမှိုက်ပြဿနာကို မြို့ပြစည်ပင်သာယာရေးအဖွဲ့တွေက နေ့စဉ်ရက်ဆက်ဆိုသလို ဖြေရှင်းပေးနေပါတယ်။ ဒါပေမဲ့ ဖြေရှင်းလို့မဆုံးတဲ့အပြင် စွန့်ပစ်အမှိုက်ရဲ့ ကြီးမားတဲ့စိန်ခေါ်မှုကိုတောင် ပြန်ခံစားနေရပါတယ်။ မြို့ကြီးတွေ၊ မြို့ပေါ်တွေမှာသာမက ကျေးရွာတွေမှာလည်း ကြုံရင်ကြုံသလို တွေ့တဲ့နေရာမှာ စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်နေကြတယ်။ အမှိုက်ပြဿနာကို ဘယ်လိုနည်းလမ်းကောင်းတွေနဲ့ ကိုင်တွယ်ဖြေရှင်းကြမှာလဲ။ အဖြေရှာကြဖို့လိုနေပြီ ဖြစ်ပါတယ်။

အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်တဲ့ အစီအစဉ်ကို အရင်တုန်းကတည်းက အကောင်အထည်ဖော် လုပ်ဆောင်စေခဲ့တယ်။ လိုက်နာဆောင်ရွက်မှုအားနည်းခဲ့သလို အဲဒီအစီအစဉ်ကို အစဉ်တစိုက်လုပ်စေဖို့ ထိန်းကျောင်းပေးမယ့်သူတွေရဲ့အားနည်းချက်၊ လိုအပ်ချက်တွေကလည်း များခဲ့လို့ အောင်မြင်မှုရဖို့ဝေးခဲ့ရတယ်။

အခုလည်း အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင်တွေသတ်မှတ်ပြီး ခွဲခြားစွန့်ပစ်ကြစေဖို့ သရုပ်ပြလေ့ကျင့်မှုတွေပြုလုပ်တဲ့ လှုပ်ရှားမှုအခမ်းအနားတွေလုပ်နေကြပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက မြို့ကြီးတွေ၊ မြို့နယ်တွေရဲ့ ဌာနဆိုင်ရာရုံးတွေ၊ အခြေခံပညာကျောင်းတွေနဲ့ ဈေးတွေမှာ စုပေါင်းအားနဲ့လုပ်ဆောင်နေပါတယ်။ စွန့်ပစ်ပစ္စည်းတွေ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်တွေကို သက်ဆိုင်ရာဌာနအသီးသီးက ဦးဆောင်ကာ ကြိုးစားလုပ်ဆောင်နေပါတယ်။ ပြည်သူအများရဲ့လူမှုဘဝနဲ့ မြို့ပြဒေသဖွံ့ဖြိုးတိုးတက်သာယာလှပဖို့ကို များစွာအထောက်အကူပြုမယ့် အစီအစဉ်ကောင်းတစ်ခုပါပဲ။

### ပူးပေါင်းပါဝင်လာဖို့ပဲ အရေးကြီး

ကျွန်တော်တို့ရဲ့ ရပ်ရွာနေပြည်သူလူထုအားလုံးဟာ အသိတရားရှိရှိနဲ့ ပူးပေါင်းပါဝင်လာဖို့ပဲ အရေးကြီးပါတယ်။ စွန့်ပစ်ပစ္စည်းအမှိုက်သရိုက် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်တွေကိုလည်း ပြည်သူလူထုအများစုဟာ အသိအမြင် ဗဟုသုတနည်းပါးတာ၊ အမှိုက်သရိုက်စွန့်ပစ်ကြရာမှာ ဟိုအချိန်အစဉ်အဆက်ကတည်းက ဖြစ်သလို အလွယ်တကူ လုပ်ကိုင်တတ်တဲ့ အလေ့အကျင့်ဖျောက်ဖျက်လို့မရတာ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဆောင်ရွက်ဖို့ဆိုတာတွေကလည်း အသိတရားအားနည်းတာတွေကြောင့် အခုလို စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင်တွေ သတ်မှတ်ပြီး ခွဲခြားစွန့်ပစ်ကြဖို့ အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အခက်အခဲတွေရှိနေဦးမှာကတော့ အသေအချာပါပဲ။ ဒီအစီအစဉ်ကို တာဝန်ယူလုပ်ဆောင်ရတဲ့ ဌာနဆိုင်ရာတွေအနေနဲ့ ပြည်သူအများ အမြဲလိုက်နာပြုမူလုပ်ဆောင်ကြစေဖို့ အသိပညာပေးစည်းရုံးတာ၊ အနီးကပ်ကြပ်မတ်စစ်ဆေးတာတွေကို အားထည့်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ အောင်မြင်မှုရလဒ်ကောင်း လိုချင်ရင်စေတနာပါပါနဲ့ ကြိုးစားကြရပါမယ်။

အဲဒီအမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင်တွေသတ်မှတ်ပြီး အမှိုက်ခွဲခြားစွန့်ပစ်တဲ့ အစီအစဉ် အောင်မြင်စေဖို့ မြို့ပြရော ကျေးလက်မှာပါနေထိုင်ကြတဲ့ ပြည်သူတွေအားလုံး အသိတရားကိုယ်စီနဲ့ အလေးထားပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

ပြည်သူအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြမယ်ဆိုရင် အောင်မြင်မှုရလဒ်ကောင်းတစ်ခုရရှိမှာ သေချာပါတယ်။ အဲဒါကြောင့်အဲဒီအစီအစဉ်လေးအောင်မြင်ဖို့အတွက် “ဝါ စိမ်း နီ ပြာ ခွဲလို့ရယ် အမှိုက်စွန့်ပစ်ကြမယ်”လို့ တိုက်တွန်းစကားပြောလိုက်မိပါရဲ့။ ။

**“စွန့်ပစ်ပစ္စည်းအမှိုက်သရိုက် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်တွေကိုလည်း ပြည်သူလူထုအများစုဟာ အသိအမြင်ဗဟုသုတနည်းပါးတာ၊ အမှိုက်သရိုက် စွန့်ပစ်ကြရာမှာ ဟိုအချိန် အစဉ်အဆက်ကတည်းက ဖြစ်သလို အလွယ်တကူ လုပ်ကိုင်တတ်တဲ့ အလေ့အကျင့်ဖျောက်ဖျက်လို့မရတာ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဆောင်ရွက်ဖို့ဆိုတာတွေကလည်း အသိတရားအားနည်းတာတွေကြောင့် အခုလိုစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ် အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင်တွေသတ်မှတ်ပြီး ခွဲခြားစွန့်ပစ်ကြဖို့ အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အခက်အခဲတွေရှိနေဦးမှာကတော့ အသေအချာပါပဲ။ ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြမယ်ဆိုရင် အောင်မြင်မှုရလဒ်ကောင်းတစ်ခုရရှိမှာ သေချာပါတယ်”**

# ကြွေတစ်လက် ကြက်တစ်ခုန်

ပီမိုးနှင်း

(၅-၆-၂၀၂၅ ရက်နေ့မှအဆက်)

ကလေးသည် ချည်လုံးကိုယူပြီး လူကြီးဖြစ်ချင်စိတ်ပေါက်သဖြင့် မြန်မြန်ကြီး ဖြေချလိုက်ရာ ယောက်ျားကြီးအဖြစ်သို့ ချက်ချင်း ရောက်၍လာလေ၏။ ထို့နောက် မိန်းမရအောင်ဖြေလိုက်ရာ ချက်ချင်း မိန်းမရ၏။ ထို့နောက် ကလေးရအောင်၊ ထို့နောက် ကလေးများ ကြီးအောင် အလုပ်အကိုင်၊ ဂုဏ်အသရေများနှင့် ပြည့်စုံသော အခြေအနေသို့ ရောက်အောင် ပူစရာ၊ ပင်စရာမရှိ ပြည့်စုံအောင် ဆင်းရဲဒုက္ခကင်း၍ ချမ်းချမ်းသာသာ ကျန်းကျန်းမာမာရှိအောင် ချည်ခင်ကို ဆက်ကာ ဆက်ကာ ဖြေလေရာ သိကြားထံမှ ချည်ခင်ကိုရပြီးနောက် လေးလနှင့် ခြောက်ရက်အတွင်း အလိုဟူသမျှပြည့်ဝ၍ အသက်တမ်းဆုံးပြီး ခါးကုန်း၍ သေရှာသတဲ့။

ထို့အတူ နှစ်ပေါင်းများစွာ မျှော်လင့်ခြင်း၊ ကြောင့်ကြခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်မချခြင်း၊ ဝမ်းမြောက်ခြင်း၊ အားတက်ခြင်း၊ အားငယ်ခြင်း စသည့် ဝေဒနာအမျိုးမျိုးတို့ကို တစ်ဆင့်ပြီးတစ်ဆင့်ခံ၍ ရှာကြံကြရသော စီးပွားရှာသူတို့၏အလုပ်ကို လောင်းကစားသူသည် တစ်စက္ကန့်၊ တစ်မိနစ်၊ တစ်နာရီအတွင်းလုပ်ရန် ကြိုးစားခြင်းဖြစ်လေရာ ထိုတစ်စက္ကန့်၊ တစ်မိနစ်၊ တစ်နာရီအတွင်း နှစ်ပေါင်းများစွာ ဥစ္စာရှာရသူတို့ ခံစားကြရမြဲဖြစ်သော စိတ်၏ဝေဒနာတို့ကို တစ်ခါတည်း စုရုံး၍ အနှစ်အဆီပြုလုပ် ခံစားခြင်းဖြစ်လေသည်။ သို့ဖြစ်၍ လောင်းကစားခြင်းသည် အပ်ချည်လုံးနှင့် များစွာတူလေသည်ဖြစ်ကြောင်း။ လောင်းကစားခြင်းသည် တဖြည်းဖြည်းစီမံမည့် ကံကြမ္မာကို အလင်းရောင်ဆွဲခေါ်ပြီး မောင်မင်းသည်ဘဝမှာ ငါ့အားတဖြည်းဖြည်း ပေးမည့်သုခ ဒုက္ခတွေကို အခု တစ်ထိုင်တည်းပေးရမည်ဟု အတင်း မောင်းမဲကာ လုယက်တိုက်ခိုက်ခြင်းဖြစ်လေရာ သရဲနှင့် နပန်းလုံး ရသကဲ့သို့ ဖြစ်ပေကြောင်း။

လောင်းကစားခြင်းသည် လွန်စွာကြီးကျယ်၏။ ဖဲတစ်ချပ်လှန်ရုံမျှဖြင့်လည်းကောင်း၊ အနီထောင်အုပ်ကို တစ်ချက်ဖွင့်ရုံဖြင့်လည်းကောင်း၊ သိန်းသောင်းကုဋေ၊ ရွှေငွေပဏ္ဏာ ရတနာမိုးမြေ၊ အထွေထွေအရာရာ သမီးကညာနှင့် နာမည်အထင်း ဂုဏ်ဒြပ်သင်းပြီး ဘွဲ့ကြီးတံဆိပ်ကြီးများကိုပင် ရနိုင်လေသည်။ အကြောင်းမူကား လောက၌ ငွေထက်မတတ်နိုင်သောအရာ အဘယ်မှာ ရှိလာသနည်း။ ထိုထို (City Knight) ခေါ် အရပ်သား ဆာဘွဲ့များပင်လည်း ဒင်္ဂါးကိုတီးခေါ်က ဘွားခနဲ ပေါ်လာရလေသည်။ အကြောင်းမူကား ဘဲရောနက်မျိုးရိုးမှ ဆင်းသက်၍လာသော ဆားနှင့် မင်းမှုထမ်းအရာရှိ စသည့် ငွေပေါ၍ရသော ဆားတို့မှာ စားပွဲတင်ဆားနှုန့်နှင့် မီးဖိုချောင်က ပြာရောထားသော ဆားလောက်ခြားနားလေသည်။ (ဤကား စာရေးရာ၌ တမင်သက်သက် လက်ကမြင်းပြီး ချော်တောသို့ ငေါ့ခြင်းပေတည်း။)

လောင်းကစားခြင်းတည်းဟူသော သတ္တဝါကြီး၏ လက်သည်းခြေသည်းများသည် ကျားလက်သည်း၊ ခြင်္သေ့လက်သည်းနှင့်အတူ၊ စိန်လက်သည်းများ ဖြစ်ကြလေရာ ကုတ်မိ ချိတ်မိလျှင် ပြုတ်ထွက်ရန် လွန်စွာခက်ခဲလေသည်။ သို့ဖြစ်၍ လောင်းကစားခြင်းစွဲသူတို့အား မည်သူလျှင် ကယ်၍ ရပါမည်နည်း။ မစွဲမီ ရှောင်ကြမှ ထိုလက်သည်းများ၏ဘေးမှ ထွက်နိုင်ဖို့ရှိလေသည်။

အပျော်ဟူသမျှ ယစ်၏။ လောင်းကစားခြင်း၌ မူးယစ်သူတို့သည် ဝီစကီ၊ ဘရန်ဒီ၊ ရှန်ပိန်၊ ရှယ်ရီ၊ ဘာဂန်ဒီ အရက်မျိုး ရှိသမျှရောစပ်၍ သောက်သူထက် ပိုမို၍မူးယစ်လေရာ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်း၊ ပျက်စီးခြင်းနှင့် ဖြစ်ထွန်းခြင်း၊ ဂုဏ်အသရေ ထင်ပေါ်ခြင်းနှင့် အရှက်ကွဲခြင်းတို့ ချားရဟတ်လို လည်၍နေသော ထိုရဟတ်စက်ကြီးထဲ၌ မူးယစ်အောင် အလှည့်ခံနေရသူတို့မှာ ထွက်ဖို့ရန် လွန်စွာခက်လေသည်။

အကြောင်းမူကား လောင်းကစားသူသည် အဘယ်မျှပင် ဆုံးရှုံးပျက်စီးစေကာမူ လောင်းကစားခြင်းကို မမုန်းဘဲ အမြဲရာသက်ပန် ချစ်လျက်၊ မင်းလုပ်သမျှကို ငါခံတော့မည်၊ ငါ ရှုံးရင် မင်းအပြစ်မဟုတ်၊ ငါ့ကံမကောင်းလို့ဘဲ ဟူသောအစွဲဖြင့် အသည်းစွဲချစ်၍ နေကြလေသတည်း။ ထိုသူများသည် လောင်းကစားခြင်းကို ထိပါး၍ စကားမပြော၊ လောင်းကစားခြင်းကို ဘုရားလို ကိုးကွယ်ပြီး ကျွန်တော်မျိုး၌ဖြစ်သမျှ ပျက်သမျှတွေဟာ ကိုယ်တော်မြတ်ကြီး၏ အမိန့်တော်အတိုင်းပါဘုရားဟူသောစိတ်ဖြင့် ဦးနှိမ်၍ နေကြရှာသူများ ဖြစ်ကြပေကြောင်း။

**လောင်းကစားခြင်း၌ မူးယစ်သူတို့သည် ဝီစကီ၊ ဘရန်ဒီ၊ ရှန်ပိန်၊ ရှယ်ရီ၊ ဘာဂန်ဒီအရက်မျိုး ရှိသမျှ ရောစပ်၍ သောက်သူထက် ပိုမို၍မူးယစ်လေရာ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်း၊ ပျက်စီးခြင်းနှင့် ဖြစ်ထွန်းခြင်း၊ ဂုဏ်အသရေ ထင်ပေါ်ခြင်းနှင့် အရှက်ကွဲခြင်းတို့ ချားရဟတ်လိုလည်၍နေသော ထိုရဟတ်စက်ကြီးထဲ၌ မူးယစ်အောင် အလှည့်ခံနေရသူတို့မှာ ထွက်ဖို့ရန်လွန်စွာခက်လေ**

မြင်းရှုံးသဖြင့် လူစင်စစ်က မြင်းဖြစ်၍ မြက်ကိုစားနေခြင်း

အင်စပလေးတို ဒါ(လ်) မေးတီးယားမြို့မှ အသက် ၂၀ ရှိ လူငယ်တစ်ယောက်သည် မြင်းပွဲတွင် လောင်းကစားခြင်း၌ အလွန့်အလွန် စွဲလမ်းတပ်မက်နေသဖြင့် ထူးဆန်းသော ရူးသွပ်ခြင်းဝေဒနာ ခံစားရသည်ဆိုကြောင်း၊ ၎င်းလူငယ်သည် မိမိ၏ကိုယ်ကို မြင်းကဲ့သို့ ထင်မှတ်ပြီးလျှင် ကြာပွတ်နှင့်ရိုက်၍ လမ်းများ၌ အလွန်လျင်မြန်စွာ ပြေးလွှားခြင်းသည်သာမက မြက်ခြောက်များကိုပင် စားနေကြောင်း၊ ၎င်းသည် မရပ်မနား ဆက်လက်ပြေးလွှားနေပြီးလျှင် ၎င်း၏ ရူးသွပ်ခြင်းဝေဒနာမှာလည်း အလွန်ပင်ဆိုးရွားကြောက်မက်ဖွယ်ကောင်းလာသဖြင့် ယခုအခါ ၎င်းအား ဆိုင်ရာအစိုးရတို့ကဖမ်းဆီး၍ အအုပ်အထိန်း အစောင့်အရှောက်နှင့် စောင့်ရှောက်နေကြရကြောင်း။ ။

ဗန္ဓုလ၊ ၁၇ ရက်၊ ဩဂုတ်လ၊ ၁၉၂၇ ခုနှစ်။

# ရောက်လေရာမှာ ကြိုဆိုစေလိုလျှင်...

ခင်မောင်ညို (ဘောဂဗေဒ)

(၅-၆-၂၀၂၅ ရက်နေ့မှအဆက်)

တစ်နှစ်အစတွင် မွေးနေ့များကို ပြက္ခဒိန်နေ့စွဲအလိုက် စီထားလိုက်သည်။ ဤသို့ဖြင့် ဘယ်နေ့သည် ဘယ်သူ့မွေးနေ့ဖြစ်သည်ကို အလိုလိုအာရုံစိုက်မိပြီးသားဖြစ်သွားသည်။ မွေးနေ့ရောက်လျှင် စာ သို့မဟုတ် ကြေးနန်း လှမ်းပို့လိုက်သည်။ ဘယ်လောက်ထိရောက်သည် ထင်ပါသလဲ။ အများအားဖြင့် မွေးနေ့ဆုတောင်းကို အခြားသူများထံက မရကြဘဲ ကျွန်တော်တစ်ယောက်တည်းထံကသာ ရရှိသည်။ မိတ်ဆွေပေါ်များချင်လျှင် လူတွေကို ကိုယ်ရောစိတ်ပါ နှုတ်ဆက်ပါ။ တစ်ယောက်ယောက်က တယ်လီဖုန်းဆက်လျှင် ဖော်ဖော်ရွေရွေ ချိုချိုသာသာပြန်ထူးပါ။ ကုမ္ပဏီအတော်များများ၌ တယ်လီဖုန်းထူးသည့်အခါ စိတ်ပါဝင်စားသည့် အသံ၊ စိတ်တက်ကြွသည့် အသံဖြင့်ထူးရန် သင်ပေးထားတတ်ကြသည်။ တယ်လီဖုန်းလှမ်းဆက်သူက သူတို့ကို တကယ်ဂရုစိုက်သည်ဟု ထင်လာကြသည်။ မနက်ဖြန်တယ်လီဖုန်းခေါ်သံကို ဖြေကြားလျှင် သေသေချာချာ ဂရုစိုက်ပြီးဖြေကြားပါ။

**အခြားသူများကို အမှန်တကယ် ဂရုစိုက်ကြောင်း ပြသခြင်းသည် မိတ်ဆွေတိုးပွားရန်အတွက်သာမက ဖောက်သည်များက အခြားကုမ္ပဏီများနှင့် ပြောင်း၍ အလုပ်မလုပ်ဘဲ မိမိကုမ္ပဏီနှင့်သာ တစ်သက်လုံးလက်တွဲစေရန်အတွက်ပါ အထောက်အကူပြုသည်။**

နယူးယောက်မြို့တော်ရှိ မြောက်အမေရိက အမျိုးသားဘဏ်မှ ထုတ်ဝေသော စာစောင်တစ်ခုတွင် ငွေအပ်နှံသူ မယ်ဒလင်းရို့စ်ဒေးလ်ထံမှ စာတစ်စောင်ကို ပုံနှိပ်ဖော်ပြထားသည်။

> "သင်၏ ဝန်ထမ်းများကို ကျွန်မမည်မျှ လေးစားကြောင်း၊ မြတ်နိုးကြောင်း သိစေချင်ပါသည်။ ဝန်ထမ်းတိုင်းသည် အလွန်ယဉ်ကျေးသိမ်မွေ့ပြီး ကူညီတတ်ကြသည်။ အကြာကြီး တန်းစီစောင့်ဆိုင်းနေရပြီးနောက် ငွေကိုင်စာရေးက ချိုချိုသာသာနှုတ်ဆက်သည်ကို ကြားရသည်မှာ အလွန်အရသာရှိလှပါသည်။ ယခင်နှစ်က ကျွန်မ၏အမေကို ငါးလတာမျှ ဆေးရုံတင်ရသည်။ မကြာခဏပင် ငွေကိုင်စာရေး မာရီပီထရူဆယ်လိုနှင့် တွေ့ရသည်။ သူတို့က ကျွန်မအမေနှင့်ပတ်သက်၍ စိတ်ပူပင်လျက်ရှိပြီး ရောဂါသက်သာလာရဲ့လားဟု အမြဲ မေးတတ်သည်။"

မယ်ဒလင်းရို့စ်ဒေးလ်က ယခုဘဏ်၌ပင် ဆက်လက်ငွေအပ်နှံမည်။ ဘဏ်လုပ်ငန်းများလုပ်မည်ကို နည်းနည်းမျှသံသယဝင်စရာအကြောင်းမရှိပါ။

နယူးယောက်မြို့တော်ရှိ ဘဏ်ကြီးများထဲမှ တစ်ခုသောဘဏ်ရှိ ချားလ်စ်၊ အာရ်၊ ဝေါလ်တားအား ကုမ္ပဏီတချို့နှင့်ပတ်သက်၍ လျှို့ဝှက်အစီရင်ခံစာတင်သွင်းရန် တာဝန်ပေးထားသည်။ လောလောလတ်လတ်ပေးရမည့် အစီရင်ခံစာနှင့်ပတ်သက်၍ အချက်အလက်များသိရှိသူ ဥက္ကဋ္ဌတစ်ယောက်ကို သူသိသည်။ မစ္စတာဝေါလ်တားက ထိုဥက္ကဋ္ဌ ရုံးခန်းထဲသို့ ဝင်မည်ပြုစဉ် အမျိုးသမီးတစ်ဦးက ဥက္ကဋ္ဌအား ထိုနေ့အတွက် ပေးစရာတံဆိပ်ခေါင်းမရှိကြောင်း လှမ်းပြောသံကိုကြားလိုက်သည်။ ဥက္ကဋ္ဌက သူ၏ တစ်ဆယ့်နှစ်နှစ်အရွယ် သားငယ်အတွက် တံဆိပ်ခေါင်းစုလေ့ရှိကြောင်း မစ္စတာဝေါလ်တားကို ပြောပြသည်။ မစ္စတာဝေါလ်တားက သူ့တာဝန်ကို ပြောပြီး မေးခွန်းများမေးမြန်းသည်။ ဥက္ကဋ္ဌက ကောင်းကောင်းမဖြေ။ စကားကို ခပ်တိုတိုသာပြောသည်။ တွေ့ဆုံမေးမြန်းသည့်ကိစ္စမှာ ချက်ချင်းလိုလိုပြီးသွားသည်။

မစ္စတာဝေါလ်တားက ဘာလုပ်ရမှန်းမသိ။ ခဏနေမှ တစ်ဆယ့်နှစ်နှစ်အရွယ် သားငယ်အတွက် တံဆိပ်ခေါင်းစုနေကြောင်း ပြောသံကို ပြန်လည်ကြားယောင်မိသည်။ ထိုအခါ သူတို့ဘဏ်၏ နိုင်ငံခြားရေးဌာနခွဲက တံဆိပ်ခေါင်းစုလေ့ရှိကြောင်း ပြောသံကို သူ ပြန်လည်သတိရလိုက်သည်။

နောက်တစ်နေ့ညနေ ဥက္ကဋ္ဌနှင့် ထပ်တွေ့သောအခါ သူ့ကလေးအတွက် တံဆိပ်ခေါင်းမျိုးစုံပါလာကြောင်း အပြောခိုင်းလိုက်သည်။ သူဝမ်းသာပုံများတော့ ပြောပြလို့ပင်မရနိုင်။ လွှတ်တော်အမတ်အရွေးခံရလျှင်ပင် ဤမျှဝမ်းမသာနိုင်။ တံဆိပ်ခေါင်းတွေကို ကြည့်ပြီး 'ကြည့်စမ်းဗျာ၊ ကျွန်တော့်သားတော့ ဘယ်လောက် ဝမ်းသာလိုက်မလဲ။ ဒါတွေဟာ သူ့အတွက် တကယ့် ရတနာတွေပဲဗျ'ဟု ပြောသည်။ သူ့မျက်နှာမှာက အပြုံးတွေအပြည့်။

တံဆိပ်ခေါင်းအကြောင်း နာရီဝက်လောက်ပြောဖြစ်ကြသည်။ သူ့သား၏ ဓာတ်ပုံကိုလည်း ပြသည်။ နောက်နာရီဝက်လောက်က မစ္စတာဝေါလ်တား လိုချင်သည့်အချက်အလက်များကို အသေးစိတ်ပြောပြသည်။ သူကပင် မတောင်းလိုက်ရ။ သူသိသမျှ အကုန်ပြောရုံသာမက သူ့လက်အောက်က ဝန်ထမ်းတွေကိုပါခေါ်ပြီး မေးပေးလိုက်သည်။ လုပ်ဖော်ကိုင်ဖက်တွေကို တယ်လီဖုန်းလှမ်းဆက်ပြီး မေးသည်။ အချက်အလက်တွေ၊ ကိန်းဂဏန်းတွေ၊ အစီရင်ခံစာတွေ၊ ပေစာပြန်စာတွေတစ်ပုံကြီး ပေးလွှတ်လိုက်သည်။ သတင်းစာလောကသုံးစကားဖြင့် ပြောရလျှင် သတင်းထူးတစ်ခုကို ရရှိခဲ့ခြင်းဖြစ်သည်။

အခြားဥပမာတစ်ခုကိုလည်း ကြည့်ပါဦး။ ဖီလာဒယ်လ်ဖီးယားမြို့က စီအမ်၊ နက်ပ်ဟဲလ်ဂျူနီယာသည် ကုန်တိုက်ကြီးတစ်ခုသို့ လောင်စာများ တင်သွင်းရန် နှစ်ပေါင်းများစွာ ကြိုးစားသည်။ သို့သော် ကုန်တိုက်ကတစ်မြို့တည်းသားချင်းထံမှမဝယ်ပါ။ ဘေးမြို့တစ်မြို့သို့ လှမ်းမှာပြီး သုံးသည်။

တစ်ညတွင် နက်ပ်ဟဲလ်က ကျွန်တော်၏ သင်တန်းရှေ့၌ ဟောပြောမှုတစ်ခုပြုလုပ်ရာ စတိုးဆိုင်ကြီးများကြောင့်ဖြစ်ရသော သူ၏ ဒေါသတွေကို ဖွင့်အန်သွားခဲ့သည်။ သူဘာလို့ မရောင်းရသည်ကို ယခုအထိ သဘောမပေါက်သေး။ ကျွန်တော်က တခြားနည်းပြောင်းသုံးကြည့်ရန် အကြံပေးသည်။ သူကသင်တန်းသားများနှင့် "စတိုးဆိုင်များ ရှိခြင်းသည် နိုင်ငံအတွက် အန္တရာယ်ဖြစ်သည်"ဟူသော ခေါင်းစဉ်ဖြင့် စကားရည်လုပွဲလုပ်သည်။ ကျွန်တော်၏ အကြံပြုချက်အရ နက်ပ်ဟဲလ်ကို "စတိုးဆိုင်များကြောင့် အကျိုးရှိသည်"ဟု ပြန်လည်ချေပသည့်ဘက်ကနေပြီး ဟောပြောစေသည်။

(ဆက်လက်ဖော်ပြပါမည်)

* **မိတ်ဆွေပေါ်များချင်လျှင် လူတွေကို ကိုယ်ရောစိတ်ပါ နှုတ်ဆက်ပါ။ တစ်ယောက်ယောက်က တယ်လီဖုန်းဆက်လျှင် ဖော်ဖော်ရွေရွေ ချိုချိုသာသာပြန်ထူးပါ**
* **အခြားသူများကို အမှန်တကယ် ဂရုစိုက်ကြောင်း ပြသခြင်းသည် မိတ်ဆွေတိုးပွားရန်အတွက်သာမက ဖောက်သည်များက အခြားကုမ္ပဏီများနှင့် ပြောင်း၍အလုပ်မလုပ်ဘဲ မိမိကုမ္ပဏီနှင့်သာ တစ်သက်လုံးလက်တွဲစေရန်အတွက်ပါ အထောက်အကူပြု**

အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါ ပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း

- လက်ကိုင်ဖုန်းအမျိုးမျိုး
- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်း အမျိုးမျိုး
- အလံအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- လက်ကိုင်အိတ်အမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ
- မီးခြစ်အမျိုးမျိုး
- ဘောလ်ပင်အမျိုးမျိုး

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

❖ ဘောပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။

❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။

❖ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

❖ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

❖ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့် တစ်ဦး(၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။

❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။

❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

❖ အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

❖ ဘောပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။

❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။

❖ ဗဟန်းမြို့နယ် နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀) မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကိုတိကျစွာ လိုက်နာဆောင်ရွက်ရန်။

❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။

❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်လက္ခဏာများ ဖြစ်ပွားနေပါက အခမ်းအနားသို့ လာရောက်ခြင်းမပြုရန်၊

(၂) အာဇာနည်နေ့အခမ်းအနား ကျင်းပနေစဉ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း အစရှိသော ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားရပါက ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကျန်းမာရေးဆိုင်ရာ အသိပေးချက်၊ သတိပေးချက်များအား လိုက်နာရန်။

**(၇၈) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ – ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ – ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွား ပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ စက်မှုလယ်ယာ(၁)လမ်း၊ မြေကွက်အမှတ်(၄၄)၊ ဦးထွန်းရွှေ [J/RGN-000165) စာအမှတ်(၁၉၄၁/စက်.လယ်) ဂရန်မူရင်း အမည်ပေါက် (၄၀x၆၀)ပေ ဂရန်မူရင်း မြေကွက်မှ ခွဲခြမ်းစိတ်ဖြာထားခြင်းမရှိသေးသော (၁၁x၆၀)ပေ (ဂရန်မူရင်း)မှ နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ် အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဦးစိန်မင်း [၁၂/သဃက(နိုင်)၁၃၈၁၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယမင်းနိုင် [၁၂/သဃက(နိုင်)၁၆၇၁၈၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်ထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယမင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**ဖုန်း- ၀၉-၄၄၀၉၈၆၁၄၆**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်၊ အမှတ်(၃)ရပ်ကွက်၊ အနော်ရထာလမ်း၊ အိမ်အမှတ်(၃၈၄)၊ အကျယ်အဝန်း ပေ(၄၀x၄၀)၊ အိမ်၊ ဝိုင်းခြံမြေကွက်နှင့် ယင်းအိမ်နှင့် ဝိုင်းခြံမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်နိုင် [၈/ပမန(နိုင်)၁၄၉၉၆၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ယုဝါကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုမြတ်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၉၁၇)**
**ညောင်လူးကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၉-၂၅၀၂၄၇၈၅၁၊ ၀၉-၇၅၁၇၁၇၂၁၇**




## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ကြံတန်းရပ်ကွက်၊ အကွက်အမှတ် (၆၀၀)၊ ဦးပိုင်အမှတ်- ၇၉/၁-က(ခဲစင်း) စစ်ကိုင်း-မန္တလေးကားလမ်း၊ မြစ်ကြီးနား-မန္တလေးမီးရထားလမ်းx တောင်ကြီးချောင်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မီးမီးဦး [၉/မကန(နိုင်)၀၉၇၂၀၅]က အမှုတွဲအမှတ်(၁၀၄၅/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၂ ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်အမှတ်(၁၀၆-ခ)၊ ၁၀၉လမ်း၊ ၇၀x၇၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်နွဲ့ [၉/မရတ(နိုင်)၀၄၂၉၁၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၆)၊ စိန်ရတနာလမ်း၊ မြေကွက်အမှတ် (၁၆၇/ခ)၊ ဦးကျော်သန်း [၁၂/သဃက(နိုင်)၁၆၈၆၉၂] စာအမှတ်(၄၃၉) ပါမစ်မူရင်း အမည်ပေါက် (၄၀x၆၀)ပေမှ ခွဲခြမ်းစိတ်ဖြာထားခြင်း မရှိသေးသော (၂၀x၆၀)ပေ ပါမစ်မိတ္တူ၊ မြေကွက်နှင့် နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ် အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်အေးအေးနိုင် [၁၂/မရက(နိုင်) ၁၅၅၂၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲညွန့်၊ဒေါ်ချောစုမြမြထွန်းတို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်ထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲညွန့်၊ ဒေါ်ချောစုမြမြထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၄၈၁၇၈)**
**ဖုန်း- ၀၉-၄၄၀၉၈၆၁၄၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၂၀)၊ ဦးပိုင်အမှတ်(ယခင် ၅၀၊ ယခု ၉၅-က)၊ ၃၄x၃၅ ကြား၊ ၆၂x၆၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည် [၉/မရမ(နိုင်) ၀၄၃၉၅၄]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၁၆၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးသန္တာဝေ [၉/ခအဇ(နိုင်)၀၃၉၁၂၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ"

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဥ္ဇူလမ်းသွယ်(၄)လမ်း၊ အမှတ်(၂၀/လ) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၂/ခ-ကံဘဲ့)၊ မြေကွက်အမှတ်(၂၀/လ)၊ မြေဧရိယာ (၀.၀၅၉)ဧကရှိ မြေပိုင်မြေကွက်နှင့် အိမ်အပါအဝင် ၎င်း၏ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ် ပြုလုပ်ခြင်း**

အထက်အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းစာရင်းပါ မြေကွက်နှင့်အိမ်ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်သော်တာယဉ် [၁၂/ရကန(နိုင်)၀၂၉၄၃၉](B/RGN-၀၂၄၆၄၇)သည် မိမိသာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းကြောင်းဝန်ခံပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ပိုင်းကို ရောင်းချသူ ဒေါ်သော်တာယဉ်ထံသို့ ပေးချေထားပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိမိလှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၅၄)**
**တိုက်(၈)၊ အခန်း(၇)၊ တိရစ္ဆာန်ဥယျာဉ်လမ်း၊ ဖဆပလရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၁၁၂၀၅၁**

# သွေးသည်အသက်

## ပျောက်ဆုံးကြောင်း

(ဘ) ဦးခင်စန်း၏ သားကျွန်တော်ညီညီဇော် သင်္ဘောသားမှတ်ပုံတင်အမှတ် (CDC-100383)၏ Testimonial For Sea Service Approval 29-7-2016 မှ 9-7-2017 ထိ ရရှိထားပြီးသော စာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-784135214**

### ■ အမျိုးသမီးမှ

အမှတ်ဖြတ်နိုင်မည့်အခွင့်အရေး လက်လွှတ်ခဲ့ရကာ တစ်မှတ်အသာဖြင့်သာ ရာသီဝက်ချန်ပီယံဖြစ်ခဲ့သည်။

